# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၆၁)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗ ပါပဿ အကရဏံ
မကောင်းတာ (အကုသိုလ်) ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ
ကောင်းတာ (ကုသိုလ်) မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒါပနံ
မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ
ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုကျတည်း။ ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်

**ရန်ကုန် ဇွန် ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Oleg V. Kabanov က ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာခန်းမ၌ လာရောက် ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

**တက်ရောက်**

ယင်းသို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံး တတိယအတွင်းဝန် Mr. Alexey V. Semenikhin ပါဝင်တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Oleg V. Kabanov အား ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ မိုးစပါး၊ နွေစပါး ရိတ်သိမ်း၊ စိုက်ပျိုးနေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

မန္တလေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၈ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မန္တလေး–မတ္တရာ–စဉ့်ကူး–မိုးကုတ်လမ်း မိုင်တိုင်အမှတ်(၄/၃) ရှိ ပုသိမ်ကြီးမြို့နယ် ရွှေနန်းတော် မျိုးသန့်စပါးစိုက်ခင်း (နွယ်နီကျေးရွာ)သို့ သွားရောက်၍ ဦးမြင့်ထူး၏ ရွှေသွယ်ရင် မျိုးသန့်စပါး ဧက ၃၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

21-6 (01).p65 1 1/23/32, 2:15 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

# ကျောက်မျက်ထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပုလဲစသည်တို့သည် အရည်အသွေးကောင်းသဖြင့် ကမ္ဘာတွင် ထင်ရှားကျော်ကြားပြီး လူကြိုက်များသည်။

သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံခြားဝင်ငွေရရှိနိုင်ရန် နှစ်စဉ်ကျောက်မျက်ရတနာပြပွဲများ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ နိုင်ငံတော်က တိုင်းရင်းသားပုဂ္ဂလိကကုမ္ပဏီများ အားလုံး လာရောက်ပြသရောင်းချနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့တွင် ဇွန်လ ၂၀ရက်နေ့မှ ဇူလိုင်လ ၄ရက်နေ့အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ အထူးရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၅၀၀ ပြသရောင်းချမည် ဖြစ်ကြောင်း သိရသည်။ တိုင်းရင်းသားရတနာကုန်သည်များအား ဇွန်လ ၂၂ရက်တွင် လည်းကောင်း၊ နိုင်ငံခြားသား ရတနာကုန်သည်များအား ဇွန်လ ၂၃ ရက်တွင်လည်းကောင်း ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

A နှင့် AA အဆင့်ရှိ ပုလဲတွဲများရောင်းချမည်ဖြစ်ကာ ပြည်ပမှ ရတနာကုန်သည် ၆၀ ကျော် ဖိတ်ကြားထားပြီး ဂျပန်နိုင်ငံနှင့်ဟောင်ကောင်တို့မှ ကုန်သည်အများစု ပါဝင်သည်ဟု သိရသည်။

ယင်းပြပွဲ၌ ကျောက်စိမ်းကို မြန်မာကွန်ဗင်းရှင်းစင်တာတွင် ရောင်းချမည် ဖြစ်ပြီး ကျန်ကျောက်မျက်နှင့်ပုလဲအတွဲများကို ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌ ရောင်းချမည်ဟုသိရသည်။

ကျောက်စိမ်း၊ကျောက်မျက်များကို အချောထည်ပြုလုပ်၍ တင်ပြရောင်းချနိုင်စေရန် ပုဂ္ဂလိက ရတနာကုမ္ပဏီများအား နည်းပညာပံ့ပိုးပေးရေး၊ ဈေးကွက်ရှာဖွေပေးရေး၊ နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် သွားရောက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန များက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်နှင့် ကျောက်မျက်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ကျောက်မျက်ရတနာ ထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင် ဘာသာရပ်အလိုက်လိုအပ်ပါက အချိန်ပိုသင်ကြားပေး ကျောင်းသားကျောင်းသူများအရည်အသွေးမြင့်မားရန်သင်ကြားပို့ချ

ရန်ကုန် ဇွန် ၂၀

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက တက္ကသိုလ်သမိုင်း အကျဉ်းချုပ်၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ သင်ကြားသင်ယူမှု အထောက်အကူပြု စာသင်ခန်းများ၊ ဝန်ထမ်းရေးရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရေး၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး၊ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီအောင်သင်ယူရေး၊ သင်ကြားတတ်မြောက်မှုစစ်ဆေးရေး၊ ဘာသာရပ်အလိုက် လိုအပ်ချက်ရှိပါက အချိန်ပိုသင်ကြားပေးရေး၊ ကျောင်းသားကျောင်းသူများ အရည်အသွေးမြင့်မားအောင်သင်ကြားပို့ချရေး၊ လက်တွေ့ဘာသာရပ်များ သင်ကြားရာတွင် သင်ကြားသင်ယူမှု အထောက်အကူပြုကိရိယာများကို အသုံးပြုသင်ကြားရေး၊ လက်တွေ့ကွင်းဆင်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ Language Lab များ အသုံးပြု သင်ကြားရေး၊ ဘာသာရပ်အလိုက် ဆရာဆရာမများ၏ တာဝန်ထမ်းဆောင်မှုမှတ်တမ်းများထားရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာပါမောက္ခဌာနမှူးများက ကျောင်းခေါ်ချိန် ၇၅ရာခိုင်နှုန်း ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ သင်ကြားတတ်မြောက်မှုစစ်ဆေးချက်များ၊ လက်တွေ့သင်ကြားမှုများနှင့် စစ်ဆေးမှုများ၊ Language Lab အသုံးပြုသင်ကြားပေးမှုများ၊ လက်တွေ့ ကွင်းဆင်းလေ့လာရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လိုအပ်ချက်များကို ဖြည့်ဆည်း ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် Computer Training Centre များ၌ လေ့ကျင့်သင်ကြားနေမှုများ၊ စာကြည့်တိုက်၌ကျောင်းသားကျောင်းသူများ လေ့လာဖတ်ရှုမှုနှင့် စာအုပ်ငှားရမ်းနေမှုများနှင့် ဓာတုဗေဒအထူးပြုကျောင်းသား ကျောင်းသူများ၏ လက်တွေ့သင်ကြား နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၁-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၅၅ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"**(အပိုင်း-၂၇)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ English Usage
၁၈။ ဗီစီဒီကျော်ကြားတေးများ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Portugal Vs Mexico (Delay)

**၂၂-၆-၂၀၀၆ (နံနက်ပိုင်း)**

၀၁း၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Netherlands Vs Argentina (Live)

## နေပြည်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၀

**နေဖြူမြို့နယ်အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၈ရက်) ဇူလိုင် ၂ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် အမှတ် ၃၆၈(A) အောက်ကြည့်မြင်တိုင်လမ်း နေဖြူမြို့နယ်အသင်း (ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဒုတိယဥက္ကဋ္ဌ ဦးလှမြင့် အမှတ် ၁၂၁ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၅၂၇၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (က-ပ)

**တောင်ကြီးမြို့ ရှမဝတိုက်နေ ဖခင် ဘုရားဒါယကာကြီး အဘိုးခင်၊ မိခင် ဘုရား ဒါယိကာမကြီး အဘွားရွှေတို့အားရည်စူး၍ ဒေါ်ခင်သောင်းရီ မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ခေတ်မီစက်များနှင့် ထုတ်ကာထား FAME ဆေးဝါးများ |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | လူငယ်အာဟာရ မောင်မောင်ဇော်လတ်၊ The Ants နှင့် တွေ့ဆုံခြင်း) |
| ၈း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၁၀ | ပြည်တွင်းထုတ်ကုန် ထုတ်လုပ်စို့ မြန်မာ့ဓာတ်ဆားမှုန့် |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "မြန်မာမျိုးဟော့တို့ဗမာ" |
| ၈း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၅၀ | မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၂) |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | Myanmar Video Rhythm |
| ၁၀း၀၅ | ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ (အပိုင်း-၄) |
| ၁၀း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ | ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန) |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) |
| ၁၀း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | နိုင်ငံတကာ အနုပညာရေးရာ (ဇင်အောင်အောင်၊ စုမြတ်မွန်) |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း-၂) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## သဲအင်းဂူအဝိဇ္ဇာနိတရားစခန်းပွဲ

**ရန်ကုန် ဇွန် ၂၀**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၁၆ ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပလျက်ရှိသည့် တရားစခန်းပွဲကို ဝါဆိုလဆန်း ၁ ရက်မှ ၅ ရက်အထိ (ဇွန် ၂၅ ရက်မှ ၃၀ ရက်)အထိ ငါးရက်တိုင်တိုင် ကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်းဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တသိရိန္ဒ၊ အရှင်သုနန္ဒ(သာသနာဒီပ)ဆရာတော်များက ဟောကြားပြသမည်ဖြစ်သည်။တရားအားထုတ်လိုသူများ (နယုန်လကွယ်) ဇွန်၂၄ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲများ လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

■ **ရှေ့ဖုံးမှ**

### လိုအပ်သည်များမှာကြား

ဆက်လက်၍ ရွှေနန်းတော် မျိုးသန့်စပါးစိုက်ခင်းအတွင်း နွေစပါးများ ရိတ်သိမ်းနေမှု၊ မိုးစပါးများ တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှု၊ လက်တွန်းလယ်ထွန်စက်ဖြင့်ထွန်ယက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမန်နေဂျာ ဦးအောင်ကြင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဦးမြင့်ထူး၏ တစ်ဧကေ မျိုးသန့်ထုတ်လုပ်မှု စပါးအထွက်နှုန်းမှာ အစို ၁၅၁ ဒသမ ၀၇ တင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာ မိုင်တိုင် (၂၀/၃)၌ ရွှေသွယ်ရင်စပါး ၁၀ ဧက၊ ဆင်းသွယ်လတ် လေးဧက စုစုပေါင်း ၁၄ ဧက စိုက်ပျိုးထားသည့် လယ်သမား ဦးမောင်ထွေး၏ စပါးစိုက်ခင်းနှင့် ခင်းကျင်းပြသထားသည့် ရွှေမြန်မာ၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ရွှေသွယ်ရင်စသော မျိုးစပါးများ အခြေအနေကိုလည်းကောင်း၊ ဦးဝင်းမြင့် စစ်ဌာနချုပ် အမှတ်(၅)ဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ(ရေနံသာ)အတွင်း စိုက်ပျိုး မြေ ၁၂၀၉ဒသမ၅၄ဧကမှ စိုက်ပျိုးပြီး မြေ ၆၄၂ ဧကတွင် လယ်မြေ ၆၅ ဒသမ၅ ဧကနှင့် ယာမြေ ၅၇၆ ဒသမ ၅ဧကတို့ စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်မြေများတွင် ကြက်ဆူစမ်းသပ်စိုက်ပျိုးမှု အခြေအနေကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှုနှင့် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ကွင်းအမှတ် ၃၉ ၌ ကျင်းပသည့် ၂၀၀၆/၂၀၀၇ မိုးစပါး တိုက်ရိုက်အစေ့ချစိုက်ပျိုးမှု သရုပ်ပြပွဲသို့ တက်ရောက်၍ ရွာတော်ကလေးကျေးရွာတွင် မနောသုခစပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှုနှင့် လယ်ထွန်စက်များဖြင့် ထွန်ယက်နေမှုများကို ကြည့်ရှုအားပေးသည်။

မာလဲနတ်တောင်ရေလှောင်တမံ စီမံကိန်းသို့သွားရောက်၍ ရေပိုလွှဲနေရာကိုလည်းကောင်း၊ ရေစိမ့်တားနံရံ တည်ဆောက်မှုနှင့် တာတမံမြေဖို့ခြင်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံပတ်ဝန်းကျင်မှ ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရန် မှာကြားသည်။

### မာလဲနတ်တောင်ရေလှောင်တမံ

အဆိုပါ မာလဲနတ်တောင်ရေလှောင်တမံစီမံကိန်းသည် မာလဲနတ်တောင်ချောင်းကို အခြေပြု တည်ဆောက်ထားပြီး ရေဆင်းဧရိယာမှာ ၇၅ စတုရန်းမိုင်ဖြစ်ပြီး တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၇၂ပေ၊ အလျားပေ ၁၁၈၅၀ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၇၄၇၀နှင့် ရေစိမ့်တားနံရံမှာ အလျားပေ၂၄၀၀၊ အနက်ပေ ၆၀မှ ပေ၈၀ရှိသည်။ ရေပိုလွှဲနှင့် ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက၁၀၀၀၀ ဖြစ်သည်။



ဇွန် ၂၀ရက်က နိုင်ငံတော်အေး ချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Oleg V. Kabanov အား ရန် ကုန် မြို့ ရွှေတိဂုံ ဘုရားလမ်းရှိ နိုင်ငံတော်ကာ ကွယ် ရေး တက္ကသိုလ် ဧည့်ရိပ် သာ ခန်းမ၌ ရင်း ရင်း နှီး နှီး နှုတ်ဆက်စဉ်။ **(သတင်းရှေ့ဖုံး)** (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပုသိမ်ကြီးမြို့နယ် ရွှေနန်းတော် မျိုးသန့်စပါးစိုက်ခင်းအတွင်း လက်တွန်းလယ်ထွန်စက်ဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

စိုက်ပျိုးထားသည့် ရွှေသွယ်ရင်စပါး ၁ဒသမ၅ ဧက စိုက်ပျိုးအောင်မြင်နေမှုနှင့် စပါးခြွေလှေ့စက်ဖြင့် နွေစပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### စိုက်ပျိုးခဲ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဥက္ကံကျေးရွာရှိအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၅) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူခြံ(ရေနံသာ)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး တင်ဦးက ကြက်ဆူပင်ဧက ၂၀၀ စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်း လင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်က အလယ်ပိုင်းတိုင်း

### စိုက်ပျိုးပွဲ

ယင်းနောက် ညောင်ဝန်းကျေးရွာအနီး မိုင်တိုင် ၄၆/၀၌ ကျင်းပသည့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

### လယ်မြေအဖြစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့၏အရှေ့မြောက်ဘက် ၈မိုင်အကွာ မာလဲချောင်းပေါ်တွင် တည်ရှိသည့်

**ဇွန် ၂၀ရက်က ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက်ရုံးတွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်စာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်သန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)



မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၄၂/၃) စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာန ခြံစည်းရိုးကြက်ဆူပင်တစ်အုပ်တစ်မ စိုက်ခင်းသို့လည်းကောင်း၊ မိုင်တိုင်အမှတ်(၄၀/၇)ရှိ ကျေးလက်ကျန်းမာရေး ဆေးခန်းဝင်းအတွင်း စိုက်ပျိုးထားသည့် ကိုင်းကူးခြံစည်းရိုး ကြက်ဆူပင် ငါးဧက တစ်အုပ်တစ်မ စိုက်ခင်းကိုလည်းကောင်း၊ ကတက်ချဉ်စိုက်ကွင်း၌ စဉ့်ကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင် နှစ်ဧက အပင် ၂၄၀၀ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ယက်ကန်းစင်တောင်အနီး စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် နှစ်ဧကနှင့် ကင်းရွာမှ စုပေါင်းစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ငါးဧက အပင် ၆၀၀၀ စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာမှ ဒေသခံတောင်သူ ၃၆ ဦး စိုက်ပျိုးထားသည့် ဆည်တော်ကြီးရေသောက်နွေစပါး မျိုးသန့်ဧက ၂၀၀ စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် မြနန္ဒာကျေးရွာ မျိုးသန့်စံပြကျေးရွာမှ ဒေသခံတောင်သူ ၄၅ဦးတို့၏ မျိုးသန့်ဧက ၂၀၀ စိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်း၊ ခေါင်နှံပယ်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့်အထွက်ကောင်း စပါးမျိုးသန့်များ စိုက်ပျိုးဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

## ပုလောအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇွန် ၂၀**

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်၌ ဇူလိုင်၈ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ တက်ရောက် လှူဒါန်းပူဇော်ကြရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌဦးမောင်လှ ဖုန်း-၅၁၄၉၆၉၊ ဒုတိယဥက္ကဋ္ဌ ဦးဘမြင့် ဖုန်း-၃၇၈၆၃၇၊ ဒုတိယဥက္ကဋ္ဌဦးကြီးညွန့် ဖုန်း-၂၉၆၉၆၂၊ အတွင်းရေးမှူး ဦးမောင်အုံး ဖုန်း-၂၂၈၀၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇နှင့် အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ စတင်ကျင်းပ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ရတနာတွဲများ ကြည့်ရှုလေ့လာ

**ရန်ကုန် ဇွန် ၂၀**

၂၀၀၆ခုနှစ်ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက် ၉နာရီမှ စတင်၍ ကျောက်မျက်နှင့်ပုလဲအတွဲများကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ လည်းကောင်း၊ ကျောက်စိမ်းအတွဲ များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မင်းဓမ္မလမ်းရှိမြန်မာကွန်ဗင်းရှင်းစင်တာ ဝင်းအတွင်း၌ လည်းကောင်း ကျင်းပသည်။

### ရောင်းချမည်

မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော ပုလဲအတွဲများကို ပြည်တွင်းမှ ရတနာကုန်သည်များသည် ယနေ့မှ ဇွန် ၂၁ရက်အထိ ကြည့်ရှုလေ့လာခွင့်ပြုပြီး ဇွန် ၂၂ရက်တွင် တင်ဒါစနစ်၊ဈေးပြိုင်စနစ် မြန်မာကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် ယနေ့မှ ဇွန် ၂၂ ရက်အထိ ကျောက်မျက်နှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာခွင့်ပြုပြီး ဇွန်၂၃ရက်တွင် တင်ဒါစနစ်၊ဈေးပြိုင်စနစ် ယူရိုငွေဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပထမဆုံးအကြိမ် ကျင်းပသော ကျောက်စိမ်းအတွဲများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ယနေ့မှ ဇွန် ၂၃ ရက်အထိ ကြည့်ရှုလေ့လာခွင့်ပြုပြီး မိမိတို့ ဝယ်ယူလိုသော ကျောက်စိမ်း အတွဲများကို တင်ဒါပုံးများထဲသို့ ထည့်သွင်းကြရမည် ဖြစ်သည်။

ကျောက်စိမ်းအတွဲများကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၄ရက်အထိ နေ့စဉ် တင်ဒါစနစ်၊ ဈေးပြိုင်စနစ် ယူရိုငွေဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ စတင်သည့် ယနေ့ ညနေ ၄နာရီ အထိ ပြည်တွင်းမှ ရတနာကုန်သည် ၅၃၃ဦးနှင့် ပြည်ပမှ ရတနာကုန်သည် ၉၁၃ဦး စုစုပေါင်း ရတနာကုန်သည် ၁၄၄၆ဦး ရောက်ရှိနေကြပြီး ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အတွဲများကို ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဇူလိုင် ၁ ရက်နှင့် ၂ရက်တို့တွင် ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

**မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ၂၀၀၆ခုနှစ် ဇူလိုင် ၁ ရက်နှင့် ၂ရက်တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များသည် ကျိုက္ကဆံကွင်း စီမံခန့်ခွဲရေး ကော်မတီရုံးသို့ ဇွန်၃၀ရက်အရောက် လာရောက်သတင်းပို့ကြရန်နှင့် ဇွန် ၃၀ရက် ည ၇ နာရီတွင် အကြိုညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံကိုယ်စားလှယ်များအနေဖြင့် အချိန်မီလာရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် အီဂျစ်ဝန်ကြီးချုပ် အာမက်နာဇစ်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (ဓာတ်ပုံ–အင်တာနက်)

# တရုတ်–အာဖရိကပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးချုပ်ဝမ်ကြားပေါင်ဂုဏ်ပြုကြိုဆို

**ကိုင်ရို ဇွန် ၂၀**

တရုတ်–အာဖရိကပူးပေါင်းဆောင်ရွက်မှုနှင့် တရုတ်နှင့်အာဖရိက နိုင်ငံအချို့အကြား ပုံမှန်ရေနံရောင်းဝယ်ခြင်းကို အလေးအနက်ဆောင်ရွက်သည့်အတွက် ဂုဏ်ပြုကြိုဆိုကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ကိုင်ရိုမြို့၌ ဇွန်၁၈ရက်က ပြောကြားလိုက်သည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် အာဖရိကခုနစ်နိုင်ငံသို့သွားရောက်လည်ပတ်စဉ် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ နှစ်ရက်ခရီးစဉ်အပြီး သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ဝမ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**အကျိုးဖြစ်ထွန်း**

တရုတ်နိုင်ငံသည် အာဖရိက နိုင်ငံအချို့နှင့်အတူ ရေနံရောင်းဝယ်မှု ပြုလုပ်ရန်သဘောတူညီထားကြောင်း၊ ယင်းမှာ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေလိမ့်မည်ဖြစ်ကြောင်း ဝမ်က သတင်းထောက်များအား ပြောကြားသည်။

**ဖြေရှင်းနိုင်**

တရုတ်နိုင်ငံက အာဖရိကနိုင်ငံများ၏ ပြည်တွင်းရေးကို နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်လိမ့်မည် မဟုတ်ကြောင်း၊ အာဖရိကနိုင်ငံများသည် ပြည်တွင်းရေးကိစ္စများကို မိမိတို့ ဘာသာ ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# သဲကန္တာရကျယ်ပြန့်လာမှုထိန်းချုပ်နိုင်ရေး အာဖရိကသင်တန်းသားများ တရုတ်နိုင်ငံ၌လေ့လာသင်ယူ

**ပေကျင်း ဇွန် ၂၀**

အာဖရိကနိုင်ငံများမှ အရာရှိများနှင့် အတတ်ပညာရှင်များသည် သဲကန္တာရတစ်စတစ်စကျယ်ပြန့်လာမှုကို ထိန်းချုပ်ဟန့်တားနိုင်ရေး နှစ်စဉ်လေ့ကျင့်ရေးအစီအစဉ်တစ်ရပ်အရ တရုတ်နိုင်ငံသို့ လာမည့်ဩဂုတ်လ၌ လာရောက်ကြမည်ဖြစ်သည်။

အာဖရိကနိုင်ငံများမှ လေ့လာရေးသင်တန်းသားများအား သဲကန္တာရဖြစ်ပေါ်မှုကို ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သင်ခန်းစာများ လက်တွေ့ဆောင်ရွက်မှုများကို တရုတ်နိုင်ငံမှ ကျွမ်းကျင်သူပညာရှင်များက သင်ကြားပြသပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဂန်ဆုသဲကန္တာရ ထိန်းချုပ်ရေးဆိုင်ရာသိပ္ပံမှ အပြည်ပြည်ဆိုင်ရာ ပြည်ပဌာန၏ အကြီးအကဲ မင်ဒိုကျင်က ပြောကြားသည်။ အဆိုပါအာဖရိကသင်တန်းသားများအား ဂန်ဆုပြည်နယ်နှင့် အနီးဝန်းကျင်ဒေသများတွင် ၂၅ ရက်ကြာလေ့လာရေးသင်တန်းပေးမည်ဖြစ်ပြီး သဲကန္တာရဖြစ်ပေါ်နေမှုနှင့် ကျယ်ပြန့်လာမှုအား မည်သို့ထိန်းချုပ်မှုကို သင်ကြားပေးသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်ရေးဌာန၏ သဲကန္တာရထိန်းချုပ်ရေး သိပ္ပံနှင့်နည်းပညာဆိုင်ရာဌာနက စုစုပေါင်းနှစ်လကြာ သင်ကြားပေးမည်ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# နီပေါနိုင်ငံ၌ ဘတ်စ်ကားတိမ်းမှောက်

**ခတ္တမန္ဒူ ဇွန် ၂၀**

နီပေါနိုင်ငံအနောက်ပိုင်းတွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး စနေနေ့က တိမ်းမှောက်သဖြင့် အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ၃၈ ဦးဒဏ်ရာရရှိသွားကြောင်း နီပေါရေဒီယိုက ကြေညာသည်။

ခတ္တမန္ဒူမြို့တော် အနောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာ အာဂါခန်ချီခရိုင် ဒါကာရီမာဒန်ဒါ ဒေသအတွင်းတွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် ဘရိတ်ပေါက်ပြီး လမ်းချော်သွားကာ မီတာ ၂၀၀ နက်သည့် ချောက်အတွင်းသို့ ကျသွားခြင်းဖြစ်သည်။

ခရီးသည်ငါးဦးမှာ ပွဲချင်းပြီး သေဆုံးပြီး နှစ်ဦးမှာ ဆေးရုံအပို့ လမ်းခုလတ်တွင် သေဆုံးသွားသည်။ ဒဏ်ရာရမှုများကို လုမ္ဗိနီဇုန်ဆေးရုံသို့ တင်ပို့ ကုသထားသည်။ အချို့မှာ ဒဏ်ရာပြင်းထန်သည်ဆို၏။

**အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# အိန္ဒိယ၌ဘတ်စ်ကားမြစ်ထဲထိုးကျ

**နယူးဒေလီ ဇွန် ၂၀**

အိန္ဒိယကက်ရှ်မီးရားဒေသတွင် ဘတ်စ်ကားတစ်စီး ဇွန် ၁၈ ရက်က တောင်ပေါ်လမ်းမှ ဘီးချော်၍ မြစ်တစ်ခုအတွင်းသို့ ထိုးကျသွားခြင်းကြောင့် အနည်းဆုံးခရီးသည် ၁၄ ဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

ဂျမ္မူးမြို့မြောက်ပိုင်းရှိ ရမ်ဘမ်ဒေသအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘတ်စ်ကားသည် သီရိနာဂါမြို့သို့မောင်းနှင်နေစဉ် လမ်းကွေ့တစ်ခုအနီးတွင် ယာဉ်မောင်းကအရှိန်မထိန်းနိုင်သဖြင့် ရမ်ဘမ်ဒေသအနီးရှိ မြစ်အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။

သီရိနာဂါမြို့သည် အငြင်းပွားနေသော ပြည်နယ်အတွင်းရှိ နွေရာသီမြို့ဖြစ်သည်။ ယင်းမြို့ကို ပါကစ္စတန်နိုင်ငံကလည်း ၎င်းပိုင်ဆိုင်ကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်လူငယ်ငါးဦး သေနတ်ဖြင့်ပစ်သတ်ခံရ

**နယူးအော်လင်းစ် ဇွန် ၂၀**

အမေရိကန်နိုင်ငံ နယူးအော်လင်းစ်ပြည်နယ်တွင် ဇွန်၁၇ရက်နံနက်က ဆယ်ကျော်သက်အရွယ် ငါးဦး ပစ်သတ်ခံခဲ့ရရာ ယင်းမြို့သမိုင်းတွင် အဆိုးရွားဆုံး အစုလိုက်အပြုံလိုက် သေဆုံးမှုများအနက် တစ်ခုဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပြောကြား**

အသက် ၁၆နှစ်၊ ၁၇နှစ်နှင့် အသက် ၁၉နှစ်ရှိသူ သုံးဦးအား ပစ်သတ်ထားသည်ကို အော်တိုမက်တစ် သေနတ်ကျည်ဆန်ခွံများ ပြန့်ကျဲနေသောယာဉ်တစ်စီးအနီးတွင် တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆို ခွင့်ရှိသူ ဂျွန်ဘရိုင်ဆန်က ပြောကြားသည်။

**မဖြစ်ဖူး**

ယင်းသို့ အစုလိုက်အပြုံလိုက် အသတ်ခံရမှုမှာ လက်တုံ့ပြန်မှု သို့မဟုတ် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေမှုများ ဖြစ်နိုင်ကြောင်း၊ ယခုကဲ့သို့ အဖြစ်မျိုး မြို့သမိုင်းတွင် တစ်ကြိမ်မျှ မဖြစ်ခဲ့ဖူးသည့်အတွက် မစဉ်းစားတတ်အောင် ဖြစ်ရကြောင်း ၎င်းက ပြောကြားသည်။

ယခင်က လူငယ်များအသတ်ခံရသည့် မြို့လယ်ဒေသတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သဖြင့် ဖမ်းဆီးခံခဲ့ရမှုများရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။ သို့သော် ယခုကိစ္စရပ်တွင် သေဆုံးခဲ့ကြသူများထံမှ လက်နက်များ သို့မဟုတ် မူးယစ်ဆေးဝါးများကို လောလောဆယ်ရှာဖွေမတွေ့ရှိသဖြင့် အမှုကြောင်းကို ရှင်းလင်းစွာမသိရှိရသေးကြောင်း ၎င်းကပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှားထူးထူးခြားခြား

## မိနစ်၃၀ကြာ ဇောက်ထိုးနေသူအဘိုးအို

**အချိန်မိနစ် ၃၀ ကြာအောင် ဇောက်ထိုးအနေအထားဖြင့်နေပြသူ တရုတ်အဘိုးအိုတစ်ဦးကိုတွေ့ရစဉ်။ (အောက်ပုံ)**

တရုတ်နိုင်ငံ ချုံကျင်းမြို့တွင် အသက် ၇၀ အရွယ် ဟီဒမ်းအမည်ရှိ တရုတ်အဘိုးအိုတစ်ဦးက နံရံတစ်ခုတွင်ကပ်ပြီး ဇောက်ထိုးအနေအထားဖြင့် မိနစ် ၃၀ ကြာ နေထိုင်ပြသခဲ့ကြောင်း သိရသည်။ ထိုသို့နေ့စဉ် နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဟုဆို၏။ **(အင်တာနက်)**





## ယူရိုခြောက်သန်းခန့်တန်ဖိုးရှိသော ရှေးဟောင်းပန်းပုလက်ရာ

**ယူရိုငွေ ခြောက်သန်းနီးပါးခန့်တန်သော လူဦးခေါင်းပုံ ရှေးခေတ်ပန်းပုလက်ရာတစ်ခုကို တွေ့ရစဉ်။ (အပေါ်ပုံ)**

အဆိုပါရှေးဟောင်းပန်းပုလက်ရာကို ပြင်သစ်နိုင်ငံပါရီမြို့တွင် ပြုလုပ်သည့် လေလံပွဲတစ်ခု၌ ပြသထားခြင်းဖြစ်ပြီး ရှေးအလွန်ကျသော လက်ရာဖြစ်သည်။ ၎င်းပစ္စည်းကို လေလံတင်ရောင်းချခဲ့ရာ ယူရိုငွေ ၅ ဒသမ ၉ သန်း ရရှိခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**



## အိန္ဒိယ-ပါကစ္စတန် ငြိမ်းချမ်းရေးတိုးမြှင့် ကက်ရှ်မီးယား၌ ဒုတိယမြောက်ဘတ်စ်ကားလိုင်းဖွင့်

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား လုံခြုံရေးတင်းကျပ်လျက် နယ်စပ်ဖြတ်ကျော် ဘတ်စ်ကားလိုင်းသစ်ကို ဇွန် ၂၀ရက်က ဖွင့်လှစ်လိုက်သည်။

ယင်းဘတ်စ်ကားလိုင်းသည် အိန္ဒိယထိန်းချုပ်နယ်မြေ ကက်ရှ်မီးယားဒေသ ပုန်းမြို့နှင့် ပါကစ္စတန်နိုင်ငံ ရာဝေါကုတ်မြို့တို့အကြား ပြေးဆွဲမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ဖွင့်လှစ်**

အဆိုပါ ဘတ်စ်ကားလိုင်းသည် နျူကလီးယားပြိုင်ဘက် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးဖြစ်ထွန်းတိုးတက်လာခြင်းနှင့်အတူ ကက်ရှ်မီးယားဒေသတွင် ဒုတိယမြောက် ဘတ်စ်ကားလိုင်းကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

**ပြေးဆွဲမှု**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၂၀၀၃ခုနှစ်က နယူးဒေလီမြို့မှ လာဟိုမြို့သို့ ဘတ်စ်ကားလိုင်းပြေးဆွဲမှုဝန်ဆောင်ခြင်းပေးနိုင်ခဲ့သည်။ ၎င်းဘတ်စ်ကားလိုင်း လမ်းကြောင်းသည် ယမန်နှစ်ဧပြီလက ကက်ရှ်မီးယားဒေသ အငြင်းပွားပြီး နှစ်ပိုင်းကွဲသွားသောဒေသကို ဖြတ်သန်းသွားသည်။

ယခုအသစ်ဖွင့်လှစ်လိုက်သော ဘတ်စ်ကားလိုင်းသစ်ကို အိန္ဒိယကာကွယ်ရေးဝန်ကြီး ပြာနက်မွတ်ပာဂျီနှင့် အာဏာရကွန်ဂရက်ပါတီ အကြီးအကဲ ဆိုနီယာဂန္ဒီတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**ဖြတ်သန်းဖောက်လုပ်**

ပုန်းဒေသသည် လုံခြုံရေးတင်းကျပ်ထားပြီး တပ်ဖွဲ့ဝင်အများအပြားချထားကြောင်း သတင်းတွင်ဖော်ပြသည်။ ၎င်းဘတ်စ်ကားလမ်းကြောင်းသည် ၃၄မိုင် ကွာဝေးပြီး ကက်ရှ်မီးယားဒေသကို ဒုတိယမြောက် ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။

**ဆက်သွယ်ပြေးဆွဲ**

ယခင်ဖွင့်လှစ်ခဲ့သော ဘတ်စ်ကားလိုင်းလမ်းကြောင်းသည် အိန္ဒိယထိန်းချုပ်နယ်မြေ ကက်ရှ်မီးယားဒေသ၏မြို့တော် ဆရီနာဂါနှင့် ပါကစ္စတန်ထိန်းချုပ် ကက်ရှ်မီးယား ဒေသ၏မြို့တော် မူဇက်ဖာရာဘက်မြို့အကြား ဆက်သွယ်ပြေးဆွဲခဲ့ကြောင်း သိရသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ၂၀၀၂ခုနှစ်က ကက်ရှ်မီးယားအရေးအပေါ် အငြင်းပွား၍ စစ်မက်ဖြစ်ပွားလုနီးချိန်တွင် နျူကလီးယား ပြိုင်ဘက်နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးတိုးတက်လာကာ ဘတ်စ်ကားပြေးဆွဲမှုသည် ငြိမ်းချမ်းရေး သံတမန်ဖြစ်လာသည်။ **(ကိုးကား-အင်တာနက်)**



## ဝေလငါးဖမ်းဆီးရေးကိစ္စ စိန့်ကာစ်အစည်းအဝေး၌ မဲခွဲအနိုင်ရ

ဝေလငါးဖမ်းရေး၊ မဖမ်းရေးနှင့်စပ်လျဉ်း၍ ပထမဆုံး မဲခွဲဆုံးဖြတ်ရာတွင် ဝေလငါးဖမ်းလိုသည့် နိုင်ငံများက အနိုင်ရရှိသွားသည့်အတွက် နောင်နှစ်ပေါင်း ၂၀ကြာ စီးပွားဖြစ်ဝေလငါးဖမ်းဆီးရေးကိုပြန်စရန် ဦးတည်သွားပြီဟု သိရသည်။

နိုင်ငံတကာ ဝေလငါးဖမ်းဆီးမှု ထိန်းချုပ်ရေးကော်မရှင် အစည်းအဝေးက ဝေလငါးဖမ်းဆီးရေး အစီအစဉ်ကို တစ်မဲအသာဖြင့် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ယင်းသို့ ဆုံးဖြတ်လိုက်ခြင်းမှာ သမိုင်းဝင်ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဂျပန်နိုင်ငံက ကြေညာလိုက်သည်။

**စိန်ခေါ်မည်**

ဝေလငါးဖမ်းဆီးမှုဆန့်ကျင်သည့်နိုင်ငံများကမူ ဤဆုံးဖြတ်ချက်ကို စိန်ခေါ်မည်ဟု ပြောဆိုကြသည်။

**ထောက်ခံမှုရရှိ**

သို့သော် ရှားပါးသော ငါးမျိုးစိတ်ဖြစ်သည့် ဝေလငါးများကို ကာကွယ်ရန် ရည်ရွယ်သည့် ၁၉၈၆ခုနှစ်ဝေလငါး ဖမ်းဆီးမှုတားမြစ်ချက်ကို ပယ်ဖျက်ရန် ဝေလငါးဖမ်းလိုသည့်နိုင်ငံများအနေဖြင့် ကော်မရှင်အဖွဲ့ဝင်များ၏ လေးပုံသုံးပုံတို့၏ ထောက်ခံမှုရရှိရန် လိုအပ်သည်။

ဝေလငါးများ ထိန်းသိမ်းရေးမှ နိုင်ငံတကာဝေလငါးဖမ်းဆီးမှု ထိန်းချုပ်ရေးကော်မရှင်(အိုင်ဒဗလျူစီ)ကို ဂျပန်နှင့် ဝေလငါးဖမ်းလိုသည့် နိုင်ငံများက ဖယ်ရှားပစ်လိုသည်။

ဝေလငါးဖမ်းလိုသည့် နိုင်ငံများသည် အစည်းအဝေးစကတည်းက ဤကဲ့သို့ မဲခွဲအနိုင်ရရှိအောင် စည်းရုံးလှုပ်ရှားခဲ့သည်။ ဤအတိုင်းသာဆိုလျှင် ဝေလငါး စီးပွားဖြစ် ဖမ်းဆီးရေးမှာ ပိုမိုနီးစပ်လာပြီဖြစ်ကြောင်း သံသယဖြစ်စရာမရှိဟု ဆိုသည်။ **(ကိုးကား-အင်တာနက်)**



## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၆-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ကွန်ချောင်းရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇း၀၀ ၅။ မြန်မာစာ၊ မြန်မာစကား
- ၁၇း၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇း၃၀ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂)(ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဝိုင်းစုခိုင်သိန်း၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇း၄၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ သုတစုံလင် ရွှေညာဏ်ရှင်
- ၁၉း၀၅ ၁၂။ ထူးချွန်မြန်မာအမျိုးသမီးများ (အပိုင်း-၁)
- ၁၉း၁၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉း၃၀ ၁၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉း၄၀ ၁၅။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **"မိုးသက်လေကိုခြွေတဲ့ဆောင်း"** နိုင်းနိုင်း၊ နေအောင်၊ အိန္ဒြာကျော်ဇင်၊ ပပဝင်းခင်၊ ခင်သန်းနု (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏

**အင်တာနက် သတင်းနှင့် ဓာတ်ပုံများ**

## လူငယ်မျိုးဆက်သစ်များ အမှုအကျင့်ပြောင်းလဲရန်လိုအပ်

တစ်ကမ္ဘာလုံးတွင်ရှိသော မျိုးဆက်သစ် လူငယ်ကျောင်းသားများအနေဖြင့် သင်ခန်းစာများကို သေချာစွာ လေ့လာသင်ယူမှုမပြုဘဲ မသမာသော နည်းများဖြင့် အသုံးပြုလာသူများပြားလာကြောင်းလေ့လာဆန်းစစ်သူများက ပြောကြားလိုက်သည်။

**မသမာသောနည်း**

ထို့အတူ အခြားမျိုးဆက်သစ်လူငယ်များအနေဖြင့် အခြားသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မှတ်တမ်း၊ မှတ်ရာအချက်အလက်များကိုအင်တာနက်မှတစ်ဆင့်မသမာသောနည်းလမ်းများဖြင့် ရယူလုပ်ကိုင်နေကြကြောင်း လန်ဒန်မြို့မှ ပါမောက္ခ ဆာလေဘရောင်းက ပြောကြားသည်။

**ညှိနှိုင်းသင့်**

ထိုသို့သော အလေ့အထမျိုးများ ပပျောက်ရန် မိမိတို့မည်ကဲ့သို့ ဆောင်ရွက်မည်နည်းဆိုသည်ကို ကွန်ဖရင့်တစ်ရပ်ကျင်းပကာ ဆွေးနွေးညှိနှိုင်းသင့်သည်ဟုလည်း ၎င်းကပြောကြားလိုက်သည်။

**စိတ်ပိုင်းဆိုင်ရာ**

မသမာသောနည်းများဖြင့် ပြုလုပ်တတ်သောအမူအကျင့်များကိုပပျောက်ရန် ကြိုးစားရာတွင် အချိန်ယူရမည်ဖြစ်ကြောင်း၊လွယ်လွယ်ကူကူ ဆောင်ရွက်၍မရကြောင်း စိတ်ပိုင်းဆိုင်ရာ ပြုပြင်မှုကို ဦးစွာပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။ **(ကိုးကား- အင်တာနက်)**

## မြို့ပြများ၌ နေထိုင်သူဦးရေ များပြားလာ

**ကမ္ဘာပေါ်တွင် မြို့ပြဖြစ်ထွန်းမှုများ တဖြည်းဖြည်းတိုးတက်လာလျက်ရှိရာ မြို့ပြများတွင် နေထိုင်သူလူဦးရေမှာလည်း မြင့်မားလာသဖြင့် အနာဂတ်ကာလတွင် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ဟူသော စီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် ကိုယ်စားလှယ်များ ဆွေးနွေးလျက်ရှိနေပြီဖြစ်သည်။**

လျှော့ချရေး

**ကနေဒါနိုင်ငံ ဗန်ကူဗာမြို့တွင်ကျင်းပလျက်ရှိသည့် ကမ္ဘာ့မြို့ပြဆိုင်ရာဖိုရမ်၌ ကမ္ဘာပေါ်တွင် မြို့ပြများ၌ ရွှေ့ပြောင်းနေထိုင်သူများ အရေအတွက်လျှော့ချရေးဆိုင်ရာများကိုလည်း ဆွေးနွေးမည်ဖြစ်သည်။**

ဖော်ပြထား

**ကမ္ဘာပေါ်တွင် လာမည့်၂၀၀၇ခုနှစ်ကုန်၌ မြို့ပြ၌နေထိုင်ကြသူလူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂက မကြာမီက ထုတ်ပြန်ထားသည့် စာရင်းအင်းများ၌ ဖော်ပြထားသည်။**

တိုးမြင့်လျက်ရှိ

**ထို့အတူ ကမ္ဘာ့နိုင်ငံအများအပြားရှိ မြို့ကြီးများ၌ ဆင်းရဲသောရပ်ကွက်များတွင်နေထိုင်သည့် လူဦးရေမှာလည်း တရိပ်ရိပ်တိုးမြင့်လျက်ရှိနေကြောင်း ကုလသမဂ္ဂကထုတ်ပြန်သော အစီရင်ခံစာ၌ဖော်ပြထားရာ ၎င်းကိစ္စရပ်ကိုလည်း နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် ကိုယ်စားလှယ်များ ဆွေးနွေးသုံးသပ်ကြမည်ဖြစ်သည်။**

**ကမ္ဘာ့မြို့ကြီးများတွင်နေထိုင်သော ဆင်းရဲသားရပ်ကွက်များနှင့် လူမှုနေထိုင်ပုံကို ပိုမိုကောင်းမွန်သော စီစဉ်ဆောင်ရွက်မှုများဖြင့် ဖြည့်ဆည်းလုပ်ဆောင်ပေးရန်လည်း ဆွေးနွေးကြမည်ဖြစ်သည်။**

ဆုံးဖြတ်ကြမည်

**လာမည့်နှစ်၅၀အတွင်း ကမ္ဘာ့လူဦးရေ၏သုံးပုံနှစ်ပုံသည် မြို့များတွင် နေထိုင်ကြမည့်သူများဖြစ်လာကြမည်ဟုလည်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ထိုသို့မြို့များသို့ ပြောင်းရွှေ့နေထိုင်လာသူများအတွက် သောက်သုံးရေ၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း ယခုအစည်းအဝေး၌ဆွေးနွေးကြပြီး မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်သွားမည်ကို ဆုံးဖြတ်ကြမည်ဖြစ်သည်။**

**ကမ္ဘာ့မြို့ကြီးများ၌ တစ်နေ့လျှင် လူ၁၈၀၀၀၀ခန့် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ကုလသမဂ္ဂစာရင်းဇယားများ၌ ဖော်ပြထားသည်။**

(ကိုးကား-အင်တာနက်)



## တရုတ်နိုင်ငံ၌ နှစ်ပေါင်း ၂၄၀၀ခန့်က သင်္ချိုင်းဂူများတွေ့ရှိ

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ယွန်ဇန်အရပ်၌ လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ခန့်က ရှေးဟောင်းသင်္ချိုင်းဂူ ၅၀ ခန့်ကို တွေ့ရှိခဲ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ဇွန် ၁၉ ရက်၌ ပြောကြားလိုက်သည်။

**တွေ့ရှိခဲ့**

မြေအောက်မှ တူးဖော်တွေ့ရှိခဲ့ရသော အဆိုပါသင်္ချိုင်းဂူများအတွင်း ရှေးခေတ်ကြေးထည်အနုပညာလက်ရာပစ္စည်း ၁၀ မျိုးခန့်လည်း ပါဝင်ကြောင်း၊ ၎င်းပစ္စည်းများမှာ ကြေးဖြင့်ပြုလုပ်ထားသော အိုးများ၊ ခွက်များ၊ ဓားမြှောင်များနှင့် မြားတံများဖြစ်ကြောင်းသိရသည်။

**အနုပညာလက်ရာ**

အချို့ပစ္စည်းများမှာ အပေါ်ပိုင်း၌ ကျောက်စိမ်းများဖြင့် မွမ်းမံတန်ဆာဆင်ထားပြီး ပစ္စည်းများ၏မျက်နှာပြင်ပေါ်တွင်လည်း လှပသောအနုပညာလက်ရာ ခြယ်မှုန်းထားသည်။ ၎င်းပစ္စည်းများမှာ ဘီစီ ၇၇၀ မှ ၄၇၆ အကြား ပြုလုပ်ခဲ့သောပစ္စည်းများဖြစ်သည်ဟု ဟူဘေးအနုပညာသုတေသနဌာနမှ ပညာရှင်တစ်ဦးဖြစ်သူ ဟွန်ဖန်ချန်က ခန့်မှန်းပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

# ပေါ်တူဂီနှင့် မက္ကဆီကို တစ်မှတ်စီရလျှင် ကျေနပ်သင့်ပြီ
# ဟော်လန်နှင့်အာဂျင်တီးနား ပါးပါးလေးကစားကြမှာလား




ရန်ကုန် ဇွန် ၂၀

**၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အိမ်ရှင်ဂျာမနီ၊ အီကွေဒေါ၊ အင်္ဂလန်၊ အာဂျင်တီးနား၊ ဟော်လန်(နယ်သာလန်)၊ ပေါ်တူဂီ၊ ဘရာဇီးနှင့် စပိန်တို့ ပွဲမကုန်မီ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားကြပြီဖြစ်သည်။ ဇွန် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အုပ်စု နောက်ဆုံးပွဲစဉ်များအဖြစ် အုပ်စု(ဂ)မှ ဟော်လန်နှင့် အာဂျင်တီးနား၊ အိုင်ဗရီကို့စ်နှင့် ဆားဘီးယား၊ အုပ်စု(ဃ)မှ ပေါ်တူဂီနှင့် မက္ကဆီကို၊ အီရန်နှင့် အင်ဂိုလာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

## ပေါ်တူဂီနှင့် မက္ကဆီကို

ဇွန် ၂၁ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ဂျယ်လ်ဆင်ကာချန်မြို့ရှိ Aufschalke Arena အားကစားကွင်း၌ အုပ်စု(ဃ)မှ ပေါ်တူဂီအသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုတက်သွားပြီဖြစ်သော ပေါ်တူဂီအသင်းနှင့် စိတ်မချရသေးသော မက္ကဆီကိုအသင်းတို့၏ပွဲစဉ်မှာ နည်းပြနှစ်ဦး၏ စိတ်ကူးစိတ်သန်းမည်သို့ရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အုပ်စု(ဃ)မှ ပထမရရှိသော အသင်းနှင့် အုပ်စု(ဂ)မှ ဒုတိယရရှိသောအသင်းတို့ ရှုံးထွက်အဆင့်၌ ဆုံတွေ့မည်ဖြစ်ရာ ပေါ်တူဂီအသင်း အုပ်စုပထမရရှိခဲ့လျှင် ဟော်လန်(နယ်သာလန်) သို့မဟုတ် အာဂျင်တီးနားအသင်းနှင့် ဆုံတွေ့မည်ဖြစ်သည်။ အုပ်စု(ဃ)ပွဲစဉ်များက အရင်ကစားရသည်ဖြစ်ရာ တစ်ဖက်အုပ်စု၏ အနေအထားကို မသိနိုင်သေးချေ။ ပေါ်တူဂီအသင်းအနေဖြင့် အာဂျင်တီးနားကို ရှောင်ရှားလိုပါက အနည်းဆုံး သရေရအောင်ကစားထားခြင်းမှာ အကောင်းဆုံးပင်ဖြစ်သည်။ ပေါ်တူဂီအသင်းသည် အင်ဂိုလာကို တစ်ဂိုး–ဂိုးမရှိ၊ အီရန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် သေချာနေပြီဖြစ်သည်။ အင်ဂိုလာနှင့်ပွဲတွင် ပေါလက်တာ ဂိုးသွင်းခဲ့ပြီး လူးဝစ်ဖီဂို အကောင်းဆုံးဆုရရှိခဲ့သည်။ အီရန်နှင့်ပွဲတွင် ဒေကိုနှင့် စီရိုနယ်ဒို (ပယ်နယ်တီ)တို့ တစ်ဂိုးစီသွင်းယူခဲ့ကြပြီး ဒေကို အကောင်းဆုံးဆုရရှိခဲ့သည်။

## ပထမဆုံးအကြိမ်

ပေါ်တူဂီအသင်းယခုကဲ့သို့ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခြင်းသည် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခြင်းဖြစ်သည်။ နည်းပြစကိုလာရီက ယခုကဲ့သို့ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်၍ ဝမ်းသာပျော်ရွှင်မိကြောင်း၊ မက္ကဆီကိုကို အနိုင်ကစားပြီး အုပ်စုပထမနေရာ ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပေါ်တူဂီအသင်းသည် အင်္ဂလန်နိုင်ငံ၌ ကျင်းပခဲ့သော ၁၉၆၆ ကမ္ဘာ့ဖလားပွဲတွင် အူဆီဘီယို၏ ခြေစွမ်းပြနိုင်မှုဖြင့် တတိယရရှိခဲ့ပြီးနောက် အုပ်စုအဆင့်မှ ကျော်လွန်နိုင်ခြင်းမရှိခဲ့ပေ။ အီရန်နှင့်ပွဲတွင် ပယ်နယ်တီမှတစ်ဆင့် အနိုင်ဂိုးသွင်းယူပေးခဲ့သော စီရိုနယ်ဒိုသည် ကမ္ဘာ့ဖလားပွဲ၌ ပေါ်တူဂီအတွက် ဂိုးသွင်းပေးခဲ့သူများတွင် အသက်အငယ်ဆုံး ဘောလုံးသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

ပေါ်တူဂီအသင်းသည် ပြိုင်ပွဲဝင်အသင်းများအနက် ပေးဂိုးမရှိသေးသောအသင်းအဖြစ် ရပ်တည်နေသည်။ တိုက်စစ်မှူး ပေါ်လက်တာ နှစ်ပွဲပေါင်း တစ်ဂိုးသာသွင်းနိုင်သေးသည်။ ပေါ်တူဂီ အလယ်တန်း၌ ဒေကို ပါဝင်ကစားလျှင် သိသိသာသာအားကောင်းလာသည်။ စီရိုနယ်ဒို မျှော်မှန်းသလောက် ခြေစွမ်းမပြနိုင်သေးရာ မက္ကဆီကိုကို အနိုင်ကစားနိုင်ပါ့မလား စဉ်းစားစရာဖြစ်နေသည်။ ပေါ်တူဂီအသင်းအနေဖြင့် ၁၆ သင်း ရှုံးထွက်အဆင့်၌ ဟော်လန်နှင့်ပဲ တွေ့တွေ့၊ အာဂျင်တီးနားနှင့်ပဲတွေ့တွေ့ ပွဲချောင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အုပ်စုပထမရရေး၊ မရရေးထက် ရှုံးထွက်ပွဲစဉ်ကိုသာ အာရုံစိုက်ရမည်ဖြစ်သည်။ စကိုလာရီအနေဖြင့် အမာခံကစားသမားများ အဝါ၊ အနီ ကင်းရှင်းရေးနှင့် ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ပေါ်ရေးအတွက် အရန်ကစားသမားအချို့ကို ပွဲထုတ်လာဖွယ်ရှိသည်။

## မက္ကဆီကို

မက္ကဆီကိုအသင်း၏ အနေအထားမှာ ဆွီဒင်အသင်း၏ အနေအထားနှင့် ခပ်ဆင်ဆင်တူနေသည်။ မက္ကဆီကိုအသင်းက ပေါ်တူဂီအသင်းကို နှစ်ဂိုးပြတ်ရှုံးပြီး အင်ဂိုလာအသင်းက အီရန်ကို နှစ်ဂိုးပြတ်နိုင်ခဲ့လျှင် မက္ကဆီကိုအသင်း အုပ်စုမှထွက်သွားရမည်ဖြစ်သည်။ မက္ကဆီကိုအသင်းအနေဖြင့် ပေါ်တူဂီအသင်းကို သရေအနည်းဆုံးကစားနိုင်မှသာ စိတ်အေးရမည်ဖြစ်သည်။ မက္ကဆီကိုအသင်းသည် အီရန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး အင်ဂိုလာအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။ အင်ဂိုလာကို အနိုင်ရခဲ့လျှင် ယခုပွဲမှာ စိတ်အေးလက်အေးကစားနိုင်မည်ဖြစ်သော်လည်း မျှော်လင့်သလို မဖြစ်ခဲ့ပေ။ မက္ကဆီကိုက ပေါ်တူဂီကိုအနိုင်ရခဲ့လျှင် အုပ်စုပထမပင် ရသွားနိုင်သည်ဖြစ်ရာ တိုက်စစ်ဖွင့်ကစားမလား စဉ်းစားစရာရှိသည်။ အုပ်စုပထမရခြင်း၊ မရခြင်းထက် မရှုံးရန်သာ အဓိကထားရမည့် အနေအထားဖြစ်သည်။

မက္ကဆီကိုအသင်းမှ တိုက်စစ်မှူး ဘိုဂတ်တီသည် အီရန်နှင့်ပွဲ၌ ရရှိခဲ့သောဒဏ်ရာကြောင့် ယခုပွဲ ပါဝင်နိုင်မည် မဟုတ်ပေ။ မက္ကဆီကိုအသင်းအတွက် တိုက်စစ်မှူး အိုမာဘရာဗိုက နှစ်ဂိုး၊ ဇင်ယာက တစ်ဂိုးသွင်းယူပေးခဲ့သည်။ အိုမာဘရာဗိုသည် ကမ္ဘာ့ဖလားပွဲ၌ မထင်မှတ်ဘဲ ခြေစွမ်းပြနိုင်သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အိုမာဘရာဗိုသည် အီရန်နှင့်ပွဲတွင် ပထမဂိုးနှင့် ဒုတိယဂိုးသွင်းယူပေးခဲ့ရာ ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိခဲ့သည်။ မက္ကဆီကိုနည်းပြ လာဗော်ပီသည် ဇွန် ၁၈ ရက်တွင် ကျရောက်သည့် အဖေများနေ့တွင် ကစားသမားများအား တစ်ရက်အနားပေးခဲ့သည်။ ဖခင်သေဆုံးမှုကြောင့် စိတ်ထိခိုက်နေသော ဂိုးသမား ဆန်းချက်ဇ်အား နှစ်သိမ့်အားပေးလို၍ အနားပေးခြင်းဟု သိရသည်။ ဂိုးသမား ဆန်းချက်ဇ်၏ ဖခင်သည် ကမ္ဘာ့ဖလားပွဲတွင် မက္ကဆီကိုအသင်းအား လာရောက် ကြည့်ရှုအားပေးရန် ပြင်ဆင်နေစဉ် နှလုံးရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီ၏ လက်ရှိကမ္ဘာ့အဆင့် (၇)၊ မက္ကဆီကို၏ လက်ရှိကမ္ဘာ့အဆင့် (၄)ဖြစ်သည်။ ပေါ်တူဂီနှင့် မက္ကဆီကိုတို့ ယခင်က တစ်ကြိမ်ဆုံတွေ့ခဲ့ရာ သရေပွဲဖြစ်ခဲ့သည်။ မက္ကဆီကိုအသင်းက တစ်မှတ်ရလျှင်အခြေအနေကောင်းမည်ဖြစ်ရာ မလိုအပ်ဘဲ စွန့်စားမည်



**ဆားဘီးယားအသင်းကို တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့ပြီး အကောင်းဆုံးဆုရရှိခဲ့သည့် ဟော်လန်အသင်းမှ ရော်ဘင်**(ယာ)**၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

မဟုတ်ပေ။ ပေါ်တူဂီအသင်းကလည်း အရန်လူများကို ပွဲထုတ်လာမည်ဖြစ်ရာ မက္ကဆီကိုတို့က "ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်"လုပ်မလာမချင်း ဣန္ဒြေရရ ကစားမည်ဖြစ်သည်။ ပေါ်တူဂီနည်းပြ စကိုလာရီက အနိုင်ကစားမည်ဟု မည်သို့ပင် ပြောနေစေကာမူ သရေဆိုလျှင် ကျေနပ်မည်ဖြစ်သည်။ မက္ကဆီကိုအသင်းကလည်း အင်ဂိုလာနှင့်ဂိုးအရေအတွက်ချင်း ချိန်ထိုးရသည်ထက် တစ်မှတ်အသာဖြင့် အုပ်စုတက်သည်က အန္တရာယ်ပိုကင်းသည်။ မက္ကဆီကိုနည်းပြ လာဗော်ပီနှင့် ပေါ်တူဂီနည်းပြ စကိုလာရီတို့ သရေတစ်မှတ်စီရလျှင် ကျေနပ်သင့်သည်ဖြစ်ရာ သရေပွဲဖြစ်ဖွယ်ရှိသည်။

## အီရန်နှင့် အင်ဂိုလာ

ဇွန် ၂၁ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် လိုက်ပ်ဇစ်မြို့ရှိ Zentral Stadion အားကစားကွင်း၌ အုပ်စု(ဃ)မှ အီရန်အသင်းနှင့် အင်ဂိုလာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုပွဲကို ဩစတြေးလျ ဒိုင်လူကြီး မာ့ခ်ရှီးလ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ မျှော်လင့်ချက် ကုန်ဆုံးနေပြီဖြစ်သော အီရန်အသင်းနှင့် မျှော်လင့်ချက် ပျပျလေး ရှိနေသော အင်ဂိုလာအသင်းတို့၏ ပွဲစဉ်မှာ အာရှနှင့် အာဖရိက ဘောလုံးအားပြိုင်ပွဲဖြစ်သည်။ အာရှသား အီရန်အသင်းက ဂုဏ်သိက္ခာအတွက် ကစားမည်ဖြစ်ပြီး အင်ဂိုလာအသင်းက အုပ်စုတက်ရေး မျှော်လင့်ချက်နှင့် ကစားမည်ဖြစ်သည်။

အီရန်အသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၂၃)၊ အင်ဂိုလာအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၅၇)ဖြစ်သည်။ အီရန်နှင့် အင်ဂိုလာတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ အီရန်အသင်းမှ တိုက်စစ်မှူး အလီဒါယီ ဒဏ်ရာရနေပြီး နီကိုနမ်ကလည်း ပွဲပယ်ခံထားရသည်။ အင်ဂိုလာ ဂိုးသမား ရီကာဒို အစွမ်းပြကာကွယ်နိုင်မှုကြောင့် အီရန်အသင်း အလွန်ဆုံး သရေသာမျှော်လင့်နိုင်သည်။ အုပ်စုတက်ရန် မျှော်လင့်ချက် အနည်းငယ်ရှိနေသေးသော အင်ဂိုလာအသင်း အနိုင်ကစားသွားမည်ဟု ထင်မိသည်။

## ဟော်လန်နှင့် အာဂျင်တီးနား

ဇွန် ၂၂ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ဖရန့်ဖတ်မြို့ရှိ Commerzbank Arena အားကစားကွင်း၌ အုပ်စု(ဂ)မှ ဟော်လန်(နယ်သာလန်)အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုပွဲကို စပိန် ဒိုင်လူကြီး မီဒီနာကန်တာလီဂျို တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ နှစ်သင်းစလုံး အုပ်စုအဆင့်ကို ကျော်လွန်နိုင်ခဲ့ကြပြီဖြစ်ရာ စိတ်လက်ပေါ့ပါးစွာဖြင့် ကစားကြမည်ဖြစ်သည်။ ဟော်လန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ စိတ်ကူးချင်းတူပြီး သရေကစားကြမည်လား စဉ်းစားစရာဖြစ်နေသည်။

ဟော်လန်အသင်းက ဆားဘီးယားကို တစ်ဂိုး–ဂိုးမရှိ၊ အိုင်ဗရီကို့စ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် သေချာခဲ့ခြင်းဖြစ်သည်။ ဟော်လန်အသင်းအတွက် ရော်ဘင်၊ ဗန်ပါစီနှင့် နစ္စတယ်ရွိုင်းတို့ တစ်ဂိုးစီသွင်းပေးခဲ့ကြပြီး ရော်ဘင် အကောင်းဆုံးဆု နှစ်ကြိမ်ရရှိထားသည်။ ရော်ဘင် နှစ်ပွဲစလုံး ခြေစွမ်းပြနိုင်ခဲ့ရာ အကောင်းဆုံး ဘောလုံးသမားဆုရနိုင်သည်ဟုပင် ထင်ကြေးပေးခြင်းခံနေရသည်။ ဗန်ပါစီက ရော်ဘင်ကို ဘောလုံးကစားရာ၌ တစ်ကိုယ်ကောင်းဆန်သူဟု စွပ်စွဲခဲ့သည်ဟု မီဒီယာများက ရေးသားမှုကြောင့် နည်းပြ ဗန်ဘက်စတန် စိတ်ဆိုးဒေါသထွက်နေသည်။ မိမိတို့ကစားသမားများ တစ်ဦးနှင့်တစ်ဦး ယုံကြည်လေးစားမှုရှိကြောင်း၊ ရော်ဘင်နှင့် ဗန်ပါစီကြား၌ ဆက်ဆံမှု အကောင်းဆုံးအနေအထားရှိကြောင်း၊ မီဒီယာများက အရှိထက်ပိုရေးပြီး အသင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် ကြံစည်နေကြကြောင်း နည်းပြ ဗန်ဘက်စတန်က စွပ်စွဲပြစ်တင်ခဲ့သည်။

ဟော်လန်အသင်း နည်းပြ ဗန်ဘက်စတန်က အာဂျင်တီးနားနှင့်ပွဲတွင် အဝါကတ်ထိထားသော ကစားသမားများအား အနားပေးထားမည်ဟု ဆိုသည်။ ဟော်လန်အသင်းသားခြောက်ဦးမှာ အဝါကတ်များ အပြခံထားရသဖြင့် အာဂျင်တီးနားနှင့်ပွဲတွင် နောက်တစ်ကြိမ် အဝါကတ်ပြခံရပါက ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ပါဝင်ခွင့်ရမည် မဟုတ်ပေ။ အနားပေးထားမှသာ ပွဲပယ်ပြစ်ဒဏ်မှ ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ဟော်လန်အသင်းမှ ဗန်ဘရွန်ခရော့စ်၊ ဟိုက်တင်ဂါ၊ ရော်ဘင်၊ မက်ဆီသန်၊ ဗန်ဘွန်းမဲလ်နှင့် ဘူလာရုဇ်တို့ အဝါကတ် ထိထားကြသည်။

## အာဂျင်တီးနား

အာဂျင်တီးနား အသင်းသည် အိုင်ဗရီကို့စ်ကို နှစ်ဂိုး–တစ်ဂိုး၊ ဆားဘီးယားကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ခြောက်မှတ်ဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းအတွက် ခရက်စပိုနှင့် ရိုဒရီဂွက်က နှစ်ဂိုးစီ၊ ကမ်ဘီယာဆို၊ ဆာဗီယိုလာ၊ တီဗက်ဇ်နှင့် မက်ဆီတို့က တစ်ဂိုးစီသွင်းပေးခဲ့ကြသည်။ အာဂျင်တီးနားအသင်းမှ ဆာဗီယိုလာနှင့် ရီကွယ်လ်မီးတို့ အကောင်းဆုံးဆု ရရှိခဲ့ကြသည်။ ဆားဘီးယားနှင့်ပွဲတွင် တစ်ဂိုးသွင်းပေးခဲ့သည့် မက်ဆီသည် ကမ္ဘာ့ဖလား သက်တမ်းတစ်လျှောက် ဂိုးသွင်းယူနိုင်သည့် ခြောက်ယောက်မြောက် အသက်အငယ်ဆုံး ဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အာဂျင်တီးနားနည်းပြ ပီကာမင်သည် ဟော်လန်နှင့်ပွဲတွင် ပထမဦးစားပေးလူစာရင်းအား အပြောင်းအလဲပြုလုပ်မည်ဟု ပြောကြားခဲ့သည်။ ဆာဗီယိုလာ၊ လူးဝစ်ဂွန်ဇာလက်နှင့် ဟိန့်ဇ်တို့ အဝါကတ်ပြခံထားရသည့်အတွက် အဝါကတ် ထပ်မံပြခံရပြီး ရှုံးထွက်အဆင့်၌ လွဲချော်ခြင်းမျိုး မဖြစ်ရလေအောင် အရန်ခုံထိုင်ခိုင်းမည့်သဘောဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ဆားဘီးယားအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့ပြီးနောက် ယခင်က ဗိုလ်စွဲရန်ရေပန်းစားမှု စတုတ္ထနေရာ၌ ရှိခဲ့ရာမှ အင်္ဂလန်၊ ဂျာမနီတို့ကို ကျော်ဖြတ်ပြီး ဒုတိယနေရာသို့ တက်ရောက်သွားသည်။ အာဂျင်တီးနား၏ လက်ရှိကမ္ဘာ့အဆင့်(၉)၊ ဟော်လန်၏ လက်ရှိကမ္ဘာ့အဆင့်(၃)ဖြစ်သည်။ အာဂျင်တီးနားနှင့် ဟော်လန်တို့ ယခင်က ခုနစ်ကြိမ်ဆုံတွေ့ခဲ့ရာ ဟော်လန်က လေးပွဲနိုင်၊ အာဂျင်တီးနားက တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေကျခဲ့သည်။ ဟော်လန်အသင်းမှ မာဒူရိုနှင့် အာဂျင်တီးနားမှ ရိုဒရီဂွက်တို့ ခြေချင်းဝတ်ဒဏ်ရာရရှိထား၍ ယခုပွဲပါဝင်နိုင်မည်မဟုတ်ပေ။ နှစ်သင်းစလုံး အရန်လူများနှင့် ပွဲထွက်လာဖွယ်ရှိပြီး နည်းပြနှစ်ဦးကလည်း အနိုင်ကစားမည်ဟု စကားဦးသန်းထားခြင်းမရှိရာ သရေပွဲသာဖြစ်သွားမည်ဟု ထင်ပါသည်။

## အိုင်ဗရီကို့စ်နှင့် ဆားဘီးယား

ဇွန် ၂၂ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် မြူးနစ်မြို့ရှိ Allianz Arena အားကစားကွင်း၌ အုပ်စု(ဂ)မှ အိုင်ဗရီကို့စ်အသင်းနှင့် ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နှစ်သင်းစလုံး အုပ်စုတက်ရန် မျှော်လင့်ချက် ကုန်ဆုံးသွားပြီဖြစ်ရာ ဂုဏ်သိက္ခာအတွက် ကစားရမည့်ပွဲဖြစ်သည်။ ဆားဘီးယားအသင်းသည် အာဂျင်တီးနားအသင်းကို ခြောက်ဂိုးပြတ် ရှုံးနိမ့်ခဲ့၍ စိတ်ဓာတ်ကျဆင်းနေပြီး အိုင်ဗရီကို့စ်နှင့်ပွဲကို ကစားရန်ပင် ငြင်းဆန်နေသူများ ရှိသည်။ ဆားဘီးယားအသင်း တာဝန်ရှိသူများက အုပ်စု နောက်ဆုံးပွဲကစားရန် ငြင်းဆန်သူများကို ဒဏ်ငွေအပြစ်ဒဏ်ပေးမည်ဟု သတိပေးထားသည်။

## အပြစ်ပုံချ

ဆားဘီးယားနည်းပြ ပက်ကိုဗစ်သည် အာဂျင်တီးနားအား ခြောက်ဂိုးပြတ် အရှက်တကွဲရှုံးနိမ့်ပြီးနောက် ရာထူးမှနုတ်ထွက်ရန် စီစဉ်နေပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲနှင့် ပတ်သက်၍ "ယခုပွဲသည် မိမိတို့၏ ဂုဏ်သိက္ခာကို အဖတ်ဆယ်ရမည့်ပွဲ ဖြစ်ကြောင်း၊ ယခုပွဲကို အနိုင်ကစားရမှာဖြစ်ကြောင်း" နည်းပြ ပက်ကိုဗစ်က ပြောကြားခဲ့သည်။ နည်းပြပက်ကိုဗစ်သည် မီဒီယာများ၏ ဝေဖန်ပြစ်တင်မှုနှင့် အသင်းသားများ၏ နည်းဗျူဟာနှင့်ပတ်သက်၍ ဝေဖန်ပြောကြားမှုကို ခံခဲ့ရသည်။ အိုင်ဗရီကို့စ် နည်းပြ အွန်နရီမစ်ချယ်လည်း အုပ်စုနောက်ဆုံးပွဲပြီးလျှင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။ နည်းပြ အွန်နရီမစ်ချယ်က အိုင်ဗရီကို့စ်အသင်း အုပ်စုမှ စောစောစီးစီးထွက်ခဲ့ရခြင်းမှာ အသင်းခေါင်းဆောင် ဒရော့ဘာ ခြေစွမ်းမပြနိုင်မှုကြောင့်ဖြစ်ကြောင်း အပြစ်ပုံချခဲ့သည်။ အိုင်ဗရီကို့စ်၏ လက်ရှိ ကမ္ဘာ့အဆင့်(၃၂)၊ ဆားဘီးယား၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၄)ဖြစ်သည်။ အိုင်ဗရီကို့စ်နှင့် ဆားဘီးယားတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ အာဖရိကတိုက်မှ အိုင်ဗရီကို့စ်အသင်း အနိုင်ရရှိပြီး အိမ်အပြန် မျက်နှာပန်းလှနိုင်ကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**အုပ်စု(ဂ)ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| အာဂျင်တီးနား | ၂ | ၂ | – | – | ၈ | ၁ | ၆ |
| ဟော်လန် | ၂ | ၂ | – | – | ၃ | ၁ | ၆ |
| အိုင်ဗရီကို့စ် | ၂ | – | – | ၂ | ၂ | ၄ | ၀ |
| ဆားဘီးယား | ၂ | – | – | ၂ | – | ၇ | ၀ |

**အုပ်စု(ဃ)ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| ပေါ်တူဂီ | ၂ | ၂ | – | – | ၃ | – | ၆ |
| မက္ကဆီကို | ၂ | ၁ | ၁ | – | ၃ | ၁ | ၄ |
| အင်ဂိုလာ | ၂ | – | ၁ | ၁ | – | ၁ | ၁ |
| အီရန် | ၂ | – | – | ၂ | ၁ | ၅ | ၀ |

**သုံးသပ်ရေးသားသူ – ကိုဇွေး**

## မြန်မာအမျိုးသမီးများ စွမ်းပကား

ဝံသာနုတရားလက်ကိုင်ထားတဲ့
မြန်မာအမျိုးသမီးများ လေးစားဖွယ်
နယ်ချဲ့တော်လှန် မျိုးချစ်သွေးနဲ့
လွတ်လပ်ရေးကို မြတ်နိုးတယ်။
တိုင်းပြည်တစ်ဖန် ကျွန်အဖြစ်နဲ့
နွံမနစ်ဖို့ကြိုးစားတယ်။

နိုင်ငံ့တာဝန် ကျရာထမ်းလို့
ကြိုးပမ်းအားထုတ် အမြဲကွယ်။
ယနေ့ခေတ်မှာ ဘက်စုံတိုးလို့
ဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်တယ်။
ဆရာဝန် အင်ဂျင်နီယာ ရှေ့နေများနဲ့
ဒို့အမျိုးသမီးများ ထက်မြက်တယ်။

ပညာရေးမှာ အရာရောက်သမှ
ပါမောက္ခတောင် ဖြစ်ကြတယ်။
အမျိုးသမီးရေးရာ အဖွဲ့ကြီးကို
ဖွဲ့စည်းနိုင်လို့ ဝမ်းမြောက်ဖွယ်။
စည်းရုံး, စီမံ စည်းကမ်းတကျနဲ့
ဌာနကြီးများ ဖွဲ့စည်းတယ်။

ပြန်ကြား,ဆက်သွယ် ဘဏ္ဍာရေးတဲ့
မှန်စွာတွေးလို့ အမြင်ကျယ်။
ကမ္ဘာနှင့်ကွယ် ရင်ပေါင်တန်းဖို့
လုပ်ငန်းအဖွဲ့များကြိုးစားတယ်။

စောင့်ရှောက်ကာကွယ် ပျိုးထောင်ရေးနဲ့
လူမှု,ယဉ်ကျေး မကျန်စေဖွယ်။
လူ့နေမှုဘဝ မြှင့်တင်ရေးနဲ့
တိုင်းရင်းသားရေးလဲ ဆောင်ရွက်တယ်။

ဥပဒေရေးရာ လေ့လာရေးနဲ့
အကြံပြုရေး စွမ်းဆောင်တယ်။
ပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးလဲ
ဒို့များမနေး ပါဝင်တယ်။

မြန်မာအမျိုးသမီးတွေ မြန်မာ့အကျိုးအတွက်
နှစ်ဆတိုးလို့ အားထုတ်တယ်။

ခေတ်မီဖွံ့ဖြိုး ဘက်စုံတိုးဖို့
အမျိုးသမီးထု စွမ်းဆောင်မယ်။
ညီညွတ်ကွယ်.....ညီညွတ်မယ်။ ။

**၂၀၀၆ ခုနှစ် ဇူလိုင်လ ၃ရက် "မြန်မာအမျိုးသမီးများနေ့"ကို ကြိုဆိုဂုဏ်ပြုလျက် –**

**နွယ်ဦးမွန်(ကလော)**

## ဆိပ်ကမ်းနှင့်အလုံမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်၊ အဆိုပြုလွှာပေးအပ်

ရန်ကုန် ဇွန် ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်နှင့် အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးရာ သင်တန်းဖွင့်ပွဲ၊ အဆိုပြုလွှာပေးအပ်ပွဲနှင့် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားများသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အသင်းဝင်အဆိုပြုလွှာများကို လက်ခံယူသည်။**

### အဆိုပြုလွှာပေး

ရှေးဦးစွာ ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၁၀) ဖွင့်ပွဲနှင့်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဆိပ်ကမ်းမြို့နယ် ကမ်းနားလမ်းရှိ အဆိုပါအသင်းရုံးခန်းမ၌ မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

### အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ပြည်တွင်းကုန်တင်ကုန်ချကော်မတီ လမ်းမတော်ဆိပ်ကမ်းဌာနမှ ဦးစီးအရာရှိ ဦးမြင့်ဝေက ဌာနခွဲ(၁)နှင့် (၂)တို့မှ ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာ ၅၅၇ စောင်ကို ဗဟိုအလုပ်အမှုဆောင်ထံ ပေးအပ်သည်။

### ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ငွေကျပ် တစ်သိန်းနှင့် ကဏန်းကုန်သည်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးတင်မောင်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### စိုက်ပျိုး

ယင်းနောက် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို အဆိုပါအသင်းရုံးဘေးရှိ မြေကွက်လပ်၌ ခြစည်းရိုးကြက်ဆူပင်၅၀၀ တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါသည် အလုံမြို့နယ် ကမ်းနားလမ်းရှိ အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်အသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

### လက်ခံယူ

ဆက်လက်၍ အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်လုပ်ရေးဌာနမှ မန်နေဂျာ ဦးမောင်သန်းက ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာ ၂၁၅စောင်နှင့် မြို့နယ်ပညာရေးမှူး ဦးဘသောင်းတင်က မြို့နယ်အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ အသင်းဝင် အဆိုပြုလွှာစောင်ရေ ၅၀၀ကို ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူသည်။

### လက်ခံ

ထို့နောက် ဥက္ကဋ္ဌ ဦးမြင့်သိန်းက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် ၆၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်းအတွင်းရေးမှူးဦးကျော်သူရက လက်ခံယူကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ရွာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

## ၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

## မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

## မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို မြန်မာနိုင်ငံအမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြသ

ရန်ကုန် ဇွန် ၂၀

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီး ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြပွဲကို ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ အမှတ်(၇) ရဲတပ်ရင်းလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။**

### တက်ရောက်

စွမ်းရည်ပြပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ ရန်ကုန်တိုင်း၊ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ရန်ကုန်တိုင်း ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆယ်မောင်၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့်၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဦးစီးပထမတန်း (ရေး/ထောက်) ဒုတိယရဲမှူးကြီးသန်းဆွေ၊ အမှတ်(၇) ရဲတပ်ရင်းခေတ္တတပ်ရင်းမှူး ရဲမှူးအောင်ဆန်းဝင်းနှင့် အရာရှိ၊ အရာခံတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုတပ်ဖွဲ့နှင့် သရုပ်ပြသမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးရဲတပ်ဖွဲ့ဝင်များက အလေးပြု၍ ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြု

ယင်းနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များက ၂၀၀၆ ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုခြင်းအထိမ်းအမှတ်အဖြစ် သေနတ်များ ပစ်ဖောက်၍ ဂုဏ်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးရဲတပ်ဖွဲ့မှ ရဲအုပ်တင်မာထွေးက မိမိတို့ ထမ်းဆောင်ရသည့် တာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### စွန့်စွန့်စားစား

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီတာဝန်ရှိသော ရဲမေများ အစီအစဉ်၊ ကြံ့ခိုင်မှုစွမ်းရည်နှင့် တိုက်ခိုက်မှု အစီအစဉ်များကို စွန့်စွန့်စားစား ပြသကြသည်။





**၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြသကြစဉ်။**

(သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက စွမ်းရည်ပြသကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေကျပ် နှစ်သိန်းကို ပေးအပ်၍ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များက အလေးပြု နှုတ်ဆက်ကြပြီး စွမ်းရည်ပြပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ...ငှသောအမှန် (၁)

**စိုးမြကျော်နှင့်ဓာမြအောင်**

ခေတ်သစ်အဇာတသတ်လမ်းစဉ်ကိုလိုက်ပြီး ဖခင်ဖြစ်သူကို ကိုယ်တိုင်သတ်ဖြတ်ခဲ့သည်အထိ လူစိတ်ကင်းမဲ့ခဲ့ကြသည်။ ဗကပ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ဌေးအား ၎င်း၏သားငယ် ဗကပဖိုးထူးက "သစ္စာဖောက်ဌေးကို ငါကိုယ်တိုင်သတ်မယ်၊ ငါကိုယ်တိုင် လည်လှီးမယ်"ဟု ကြွေးကြော်ပြီး ရဲဘော်ဌေးအား သေဒဏ်ပေးရန် တောင်းဆိုခဲ့ပါသည်။ ထိုမျှမက ရဲဘော်ဌေးအား အခြားသော ဗကပ တပ်နီများနှင့်အတူ ထိုးကြိတ်ကန်ကျောက်ရိုက်နှက်ကာ သတ်ဖြတ်ခဲ့ပါသည်။

ထို့အတူ တန်ပြန်တော်လှန်ရေးသမား၊ ပြန်လည်ပြင်ဆင်ရေးသမား၊ သစ္စာဖောက်ဟူသော စွဲချက်များဖြင့် ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့ ညနေတွင် အသတ်ခံရသော ဗကပဗဟိုကော်မတီဝင် ဗိုလ်ရန်အောင်အား "လူတန်းစားတိုက်ပွဲမှာ ဆွေမျိုးမရှိဘူး၊ ဖအေဖြစ်ဖြစ် သားဖြစ်ဖြစ် ချရမှာပဲ"ဟု ဟစ်ကြွေးကာ စွဲချက်တင်ပြီး ကိုယ်တိုင်ပါဝင် သတ်ဖြတ်ခဲ့သူမှာ ဗိုလ်ရန်အောင်၏ အချစ်ဆုံးသား ဗကပဇေလတ်(ခေါ်) ရဲဘော်စောမင်း ဖြစ်သည်။ ဗကပတို့၏ အဆိုပါ ဖြုတ်ထုတ်သတ်ပွဲကြီးတွင် ဗဟိုကော်မတီဝင် ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်ထွန်းရှိန်၊ ရဲဘော်ဘတင်(ခေါ်)ဂိုရှယ် စသူတို့လည်း ရက်ရက်စက်စက် အသတ်ခံခဲ့ကြရသည်။

ထိုစဉ်က ယခုဗကပဖိုးသံချောင်း၏အစ်ကို ဗကပထွန်းကျော်(ခေါ်)စိုးဝင်းကလည်း "ကျွန်တော့် မိဘတွေဟာ သွေးစုပ်သူတွေ၊ ခနရှင်တွေ၊ တော်လှန်ရေးအခြေအနေက တောင်းဆိုလာရင် သူတို့ကို သတ်ဖို့ဝန်မလေးဘူး"ဟု အားပါးတရ ဟစ်ကြွေးခဲ့ပါသေးသည်။ နောက်ပိုင်းတွင် ဗကပကို ယုံမှတ်၍ ပုံအပ်ပြီး ရန်ကုန်တက္ကသိုလ်မှ တောခိုလာကြသည့် ဗကပ ဘသန်း၊ ဘိုးသာ၊ ခင်ဝင်းတို့နှင့်အတူ ထွန်းကျော်(ခေါ်)စိုးဝင်းလည်း အသက်ဘေးမှ ပြေးမလွတ်ခဲ့ပေ။ ဗကပတို့က ဗိုလ်ထွန်းငြိမ်း၏ ဂိုဏ်းသားများအဖြစ်စွပ်စွဲကာ ၁၉၆၈ခုနှစ် စက်တင်ဘာလ၁၃ရက်နေ့ မွန်းလွဲ၁နာရီခွဲတွင် ဗကပဗဟိုစခန်း၌ပင် ဝါးရင်းတုတ်များဖြင့် ရိုက်သတ်ခဲ့ကြသည်။ ဗကပထွန်းကျော်တို့အဖွဲ့အား သစ္စာဖောက်၊ ဖောက်ပြန်ရေးသမားများဟု စွဲချက်တင် ရိုက်နှက်သတ်ဖြတ်ပြီး ၎င်းတို့၏လည်ချောင်းသွေးဖြင့် ခြေဆေးခဲ့ကြသူများမှာ ဗကပတပ်နီ အမျိုးသမီးများ ဖြစ်ကြပါသည်။

ယင်းသို့သော ၁၉၆၇-၆၈ ခုနှစ်များအတွင်းက ပဲခူးရိုးမရှိ ဗကပဗဟိုစခန်းတွင် ကြောက်ခမန်းလိလိ ကျူးလွန်ခဲ့သည့် ဖြုတ်ထုတ်သတ် အကြမ်းဖက်လုပ်ရပ်များကို ဗကပမှအလင်းဝင်လာသော ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ဗိုလ်မင်းဒင်၊ ရဲဘော်စောလှနှင့် ဗိုလ်တင်ရှိန်တို့ရေးသားသည့် သခင်သန်းထွန်း၏ နောက်ဆုံးနေ့များစာအုပ်တွင် အသေးစိတ်ဖော်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ နိုင်ငံတော်အာဏာရယူရေးအတွက် သွေးရူးသွေးတန်းဖြစ်ကာ လူစိတ်ပျောက်နေသော ဗကပတို့၏ ရက်စက်ကြမ်းကြုတ်မှုများသည် ၁၉၈၈ခုနှစ်၌ ဖြစ်ပွားခဲ့သော အရေးအခင်းသို့လည်း ဗကပ အမာခံယူဂျီများ၏ အကွက်ချ စီစဉ်လှုံ့ဆော်သွေးထိုးမှုများကြောင့် ကြောက်ခမန်းလိလိ ကူးစက်ခဲ့ပါသည်။

အရေးအခင်းကာလက မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝမအပ်စပ်သည့် လူလူချင်း လူမြင်ကွင်း၌ အုပ်စုဖြင့် အနိုင်ကျင့်ချုပ်နှောင်ပြီး ရက်ရက်စက်စက် သတ်ဖြတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရိုးသားဖြူစင်သည့် ပြည်သူများ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ကောလာဟလများတွင်တွင်ထုတ်လွှင့်ပြီး ဘုမသိဘမသိသူများကို လက်ညှိုးထိုးစွပ်စွဲကာ အမေးအမြန်းမရှိဘဲ ကားစင်တင်ခေါင်းဖြတ်သတ်ခဲ့ကြသည်။ ၁၈-၈-၈၈ ရက်နေ့မှ ၁၉-၉-၈၈ ရက်နေ့အထိ တစ်လမျှကာလအတွင်း အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူ ၅၅ဦးကို ခေါင်းဖြတ်သတ်ခဲ့ကြသည်။ ဓားလုံ၊ မိုန်း၊ ဂျင်ကလိ စသည်တို့ဖြင့် ထိုးခုတ်သတ်ဖြတ်ခံရ၍ အပြစ်မဲ့ပြည်သူ ၁၈ဦးသေဆုံးခဲ့ရသည်။ အသေးစိတ်ကို ၁၉၈၈ခုနှစ် အရေးအခင်းကာလ ရက်စက်ကြမ်းကြုတ်မှုဖြစ်ရပ်အမှန်များစာအုပ်တွင် လည်းကောင်း၊ ငရဲခန်းများအတွင်းက ဖြတ်သန်းခဲ့ရသောမြန်မာပြည် စာအုပ်တွင် လည်းကောင်း၊ အခြားစာအုပ်စာစောင် မှတ်တမ်းများတွင်လည်းကောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

၁၉၈၈ခုနှစ် အရေးအခင်းသည် တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောင်းအလဲကို လိုလားခဲ့ကြသော ပြည်သူလူထု၏ ဆန္ဒမှန်၌ စတင်အခြေခံခဲ့သော်လည်း မြေပေါ်လက်နက်ကိုင်တိုက်ပွဲနှင့် မြေအောက်ဆူပူအုံကြွမှုကို ချိန်ကိုက်လှုံ့ဆော်ဖန်တီးရန် နှစ်ရှည်လများ ကြံစည်ကြိုးပမ်းနေသော ဗကပယူဂျီများ၏ ဖြန့်ကြက်ဖောက်ခွဲမှုများနှင့် ပေါ်ပင်နိုင်ငံရေးသမားများ၏ အမြော်အမြင်ကင်းမှုကြောင့် မင်းမဲ့စရိုက်များအဖြစ်ပြန့်ပွားကာ တိုင်းဆူပြည်ဖျက် အရေးအခင်း ဖြစ်သွားခဲ့ရသည်။ အရေးအခင်းပယောဂကိုမှီပြီး ဗကပယူဂျီများ၊ အနောက်အုပ်စုသံရုံးများ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာရ် စသည့် အသံလွှင့်ဌာနများ၊ နေရှင်း၊ ဗန်ကောက်ပို့စ် စသည့် သတင်းစာများ၊ အေးရှားဝိခ်၊ ဖာအိစတန်အီကော်နော်မစ်ရီဗျူး စသည့် စာစောင်များက မီးလောင်ရာ လေပင့် လုပ်ခဲ့ကြသည်။ ပြည်တွင်းရှိ လက်ဟောင်းနိုင်ငံရေး သမားကြီးများ၊ ခါတော်မီပြည်တော်ပြန် နိုင်ငံရေးသမားများ၊ မျိုးဆက်သစ်နိုင်ငံရေးသမားဆိုသူများကလည်း ပွဲလှန့်ပြီး ဖျာခင်းရန် ကြိုးပမ်းခဲ့ကြသည်။

ရိုးရိုးသားသား ဆန္ဒပြသူများအား မင်းမဲ့စရိုက်ဝါဒီများက လွှမ်းမိုးဝါးမျိုခဲ့ပါသည်။ မြန်မာပြည်၏ အထက်အောက်ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ထားခဲ့ကြသည်။ ရထားသံလမ်းများကို ဖြုတ်ထားခဲ့ကြသည်။ ရထားများ၊ ကားများ ထွက်ခွင့်မရအောင် မြို့နယ်အလိုက် ပိတ်ဆို့ခဲ့ကြသည်။ အစိုးရရုံး ဌာနများကို ဝင်ရောက်စီးနင်းခြင်း၊ ဂိုဒေါင်များကိုဖောက်ထွင်းပြီး ပြည်သူပိုင်ပစ္စည်းများကို လုယက်ယူငင်ခြင်း၊ ဝန်ထမ်းအတွင်းသပိတ်အဖွဲ့များဖွဲ့စည်းစေကာ အုပ်ချုပ်မှုယန္တရား ရပ်တန့်ရပ်ဆိုင်းသွားစေခြင်း စသည့် အောက်လမ်းနည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ရန်ကုန်မြို့အတွင်းနှင့် မြို့ကြီးပြကြီးများ၌ သူတစ်လူ ငါတစ်မင်းဖြင့် လက်ရဲဇက်ရဲ သတ်ဖြတ်ရဲသူများက နိုင်ထက်စီးနင်းလုပ်ရပ်များဖြင့် မင်းမူခဲ့ကြသည်။ ပြည်သူလူထုအများစုကြီးမှာ တရားဥပဒေစိုးမိုးမှုကို အားကိုးသမှုမပြုနိုင်တော့ဘဲ နီးရာဓားကို ကြောက်ခဲ့ကြရသည်။

ယင်းသို့ တိုင်းဆူပြည်ဖျက် အရေးအခင်းအဖြစ်သို့ ဆိုက်ရောက်အောင် ကြံစည်လုပ်ဆောင်ခဲ့မှုကြောင့် ၁-၈-၈၈ ရက်မှ ၈-၈-၈၈ ကာလတိုအတွင်း ရန်ကုန်တိုင်းနယ်မြေတစ်ခုတည်းမှာပင် စက်ရုံအလုပ်ရုံ ၄၅ရုံ၊ ကုန်လှောင်ရုံနှင့် ဂိုဒေါင်၆၁ခု၊ ရုံးဌာန အဆောက်အအုံ၇၅ခု၊ လမ်းတံတား၁၃နေရာ၊ ဈေးဆိုင်၂၂ဆိုင်၊ ယာဉ်မျိုးစုံ၃၇စီး မီးရှို့ဖျက်ဆီးခြင်းခံရသည်။ နိုင်ငံပိုင်စက်ရုံအလုပ်ရုံ ကုန်ထုတ်အရင်းအနှီး ကျပ်ငွေ ၅၃ဒသမ၅ကုဋေဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ အခြားသောပျက်စီး ဆုံးရှုံးမှုတန်ဖိုးသည် ကျပ် ၆၂ဒသမ ၀၅ကုဋေဖိုး အထိ ရှိခဲ့သည်။ ဆက်သွယ်သွားလာမှု၊ ကူးသန်းရောင်းဝယ်မှုများ ပျက်ပြားသွားသည်။ လောင်စာဆီထုတ်လုပ်မှု လျော့နည်းကာ ပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး ကုန်ထုတ်လုပ်မှုများ ရပ်ဆိုင်းသွားခဲ့သည်။

၁၉၈၈ခုနှစ် မတ်လ၁၂ရက်နေ့မှ ၁၈ရက်နေ့အထိ တစ်ပတ်မျှသောကာလအတွင်း မီးရှို့မှု၁၅မှု၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှု ၈၆မှု၊ သမဝါယမဆိုင်ဖျက်ဆီးမှု ၁၆မှု ဖြစ်ပွားခဲ့သည်။ ဇွန်လ၂၁ရက်နေ့မှ ဇူလိုင်လ၂ရက်နေ့အထိ ၁၂ရက်မျှသော ကာလအတွင်း ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှု ၂၃မှု ဖြစ်ပေါ်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးမှုကာလဖြစ်၍ အစိုးရက ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးကအစ တာဝန်ယူခဲ့ရသော်လည်း ဆူပူဖျက်ဆီးမှုများကြောင့် အစိုးရက တာဝန်မယူနိုင်တော့ပေ။ အရေးအကြီးဆုံးမှာ ဆန်ပြတ်လပ်မှုပင်ဖြစ်သည်။ ဆူပူအကြမ်းဖက်မှုများကြောင့် ပြည်သူလူထုမှာ ထမင်းငတ်မည့်ဘေးသို့ ဆိုက်ရောက်ခဲ့ရသည်။ ယင်းအတိုင်းသာ ဇာတ်မျောသွားလျှင် ပြည်သူတစ်ရပ်လုံး အငတ်ဘေးကြီး ဆိုက်ရောက်တော့မည်ကို ထိုစဉ်က တွက်ဆဆင်ခြင်နိုင်သူ အလွန်နည်းပါးခဲ့ပါသည်။

ဆူပူအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေးကဏ္ဍကိုးလခန့်ရပ်ဆိုင်းသွား၍ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိုးကျသွားခဲ့ပါသည်။ တပ်မတော်က နိုင်ငံတော် တာဝန်ယူလိုက်ရသည့်အချိန်တွင် စီးပွားရေးအမွေခံဝန်းကျင်မှာ အဆိုးရွားဆုံးဖြစ်ခဲ့သည်။ နိုင်ငံခြားသတင်းထောက်တစ်ဦးက တပ်မတော်အစိုးရတာဝန်ယူချိန်တွင် နိုင်ငံခြားငွေပိုင်ဆိုင်မှုမှာ ဒေါ်လာရှစ်သန်းသာရှိ၍ ရေရှည်တွင် နိုင်ငံတည်ငြိမ်အောင် ထိန်းထားနိုင်ဖွယ်မရှိဟုပင် နိမိတ်ပြရေးသားခဲ့သည်။ အစိုးရသည် နှစ်လသုံးလအတွင်း ဒေါ်လာ၁၅သန်းခန့်သာ ရှာဖွေနိုင်လိမ့်မည်ဟု တွက်ဆခဲ့သည်။

၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်း၌ ဆူပူအကြမ်းဖက်သူ လူတစ်စုက အဖျက်လုပ်ရပ် ဟူသမျှကို လုပ်ခဲ့ကြသည်။ မူလကတည်းကပင် ကြိုတင်စီမံဇာတ်တိုက်ထားသည့်အတိုင်း ဗကပ၊ KNU သောင်းကျန်းသူများကလည်း တိုက်ပွဲကြီးများ ဆင်နွှဲကာ တစ်စခန်းထခဲ့ကြသည်။ အနောက်ဆရာကြီးများကလည်း မြန်မာနိုင်ငံကို ၎င်းတို့၏ ဩဇာခံအခြွေအရံနိုင်ငံဖြစ်စေရန် သွေးတိုးစမ်းခဲ့ကြသည်။ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည်။ ရှေ့မီနောက်မီ ပုဂ္ဂိုလ်များက ဂျပန်ခေတ်က ခေတ်ပျက်တယ်ဆိုတာ ၁၉၈၈ခုနှစ်က ခေတ်ပျက်တာကို ဘယ်လိုနည်းနှင့်မျှ လိုက်မမီဘူးဟု ပြောလာကြသည်။ သွေးအေးလာချိန်ကျမှ တပ်မတော်ကို ကျေးဇူးတင်ရကောင်းမှန်း သိလာခဲ့ကြသည်။ ထိုစဉ်ကသာ တပ်မတော်က နှစ်ရက်ခန့်နောက်ကျပြီး နိုင်ငံ့တာဝန်ကိုမယူခဲ့ပါက တိုင်းပြည် ပြာပုံဖြစ်နေပြီဟု ဆိုကြသည်။

အကြမ်းဖက်သူလူတစ်စု၏ ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခြင်းခံရသူတစ်ဦး၏သမီး ရှစ်တန်း ကျောင်းသူကလေးက "ဒီမိုကရေစီ

**၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက်အရေးအခင်း၌ ဆူပူအကြမ်းဖက်သူ လူတစ်စုက အဖျက်လုပ်ရပ်ဟူသမျှကို လုပ်ခဲ့ကြ။ မူလကတည်းကပင် ကြိုတင်စီမံ ဇာတ်တိုက်ထားသည့်အတိုင်း ဗကပ၊ KNU သောင်းကျန်းသူများကလည်း တိုက်ပွဲကြီးများ ဆင်နွှဲကာ တစ်စခန်းထခဲ့ကြ။ အနောက်ဆရာကြီးများကလည်း မြန်မာနိုင်ငံကို ၎င်းတို့၏ ဩဇာခံ အခြွေအရံနိုင်ငံဖြစ်စေရန် သွေးတိုးစမ်းခဲ့ကြ။ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့။ ရှေ့မီ နောက်မီ ပုဂ္ဂိုလ်များက ဂျပန်ခေတ်က ခေတ်ပျက်တယ်ဆိုတာ ၁၉၈၈ခုနှစ်က ခေတ်ပျက်တာကို ဘယ်လိုနည်းနှင့်မျှ လိုက်မမီဘူးဟု ပြောလာကြ။ သွေးအေးလာချိန်ကျမှ တပ်မတော်ကို ကျေးဇူးတင်ရကောင်းမှန်း သိလာခဲ့ကြ။ ထိုစဉ်ကသာ တပ်မတော်က နှစ်ရက်ခန့် နောက်ကျပြီး နိုင်ငံ့တာဝန်ကို မယူခဲ့ပါက တိုင်းပြည် ပြာပုံဖြစ်နေပြီ။**

**ကုက္ကိုင်း လမ်းဆုံ အနီးတွင် ဓားနှင့် ခုတ်၍ မီးရှို့ အသတ်ခံရသော ဝင်းနိုင်(ခ)နိုင်ဝင်း(ဝဲ)၊ စိန် မြင့် ဦး (ခ) ကျော်မြင့် (ယာ) တို့ကို အသတ်မခံရမီ တွေ့ရစဉ်။**



တောင်းတာနဲ့ ကျွန်မအဖေနဲ့ဘာဆိုင်လို့လဲ၊ ဒီမိုကရေစီဆိုတာဟာ အဲဒီလိုလုပ်တာတွေကို ခေါ်တာလား"ဟု သွားရောက်သတင်းမေးသူများအား ငိုယိုပြီး မေးခွန်းထုတ်ခဲ့သည်ဟု ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရှုခဲ့ရပါသည်။ အဆိုပါရှစ်တန်းကျောင်းသူကလေးသည် ယခုအခါ ဘွဲ့ရပြီး အသက်(၃၀)ကျော်အရွယ် အိမ်ထောင်ရှင်အဖြစ်သို့ ရောက်ရှိနေလောက်ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ် တိုင်းဆူ ပြည်ဖျက် ဆူပူမှုများသည် ၎င်း၏စိတ်အစဉ်ဝယ် အရိပ်ထင်နေဆဲဖြစ်နေပါဦးမည်။ ၎င်း၏ဖခင် တွေ့ကြုံခဲ့ရသည့် အဖြစ်ဆိုးမျိုးနှင့် ၎င်း၏ခင်ပွန်းသည်ဖြစ်သူကို မတိုးစေလိုသည်မှာ ၎င်း၏ဆန္ဒအမှန် ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ကလည်း မြန်မာနိုင်ငံကို တိုင်းပြည်ကနုနု မှန်တိုင်းကထန်ထန်ကာလများ၊ ငရဲခန်းအတွင်းဖြတ်သန်းခဲ့ရသောကာလများမှ ကျော်လွှားလွတ်မြောက်ပြီး ရွှေပြည်တော်မျှော်မဝေးပြီမို့ ကာလသို့ အရောက်မှ နောက်တစ်ခါက် သမိုင်းဘီး တစ်ပတ်ပြန်မလည်စေလိုတော့ပါ။ ထို့ကြောင့် ၁၉၈၈ ခုနှစ်ကာလက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအား ငရဲခန်းအတွင်းသို့ ဝိုင်းဝန်းသွတ်သွင်းခဲ့ကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ မသမာသော၊ လူမဆန်သော၊ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကိုလည်းကောင်း၊ ယခုတစ်ဖန်ထပ်မံလုပ်ကြံလာသော ၎င်းတို့၏ တိုင်းဆူပြည်ဖျက်လုပ်ရပ်နှင့်အကြံအစည်များကိုလည်းကောင်း ထပ်လောင်းသတိပြု သုံးသပ်ဆင်ခြင်နိုင်ရေးအတွက် လေ့လာဆန်းစစ်ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း လေ့လာဆန်းစစ်ဖော်ပြသွားပါဦးမည်။ ။

# ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက် ရုပ်မြင်သံကြားဖမ်းစက်၊စာရေးကိရိယာနှင့်အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဇွန် ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေတို့သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အခြေခံပညာမူလတန်းကျောင်းများနှင့် ကျေးလက်စာကြည့်တိုက်များအတွက် ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။**

## ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကယားပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်း ၁၇၇ ကျောင်းအတွက် စာသင်ခုံ ၈၆၀ ပြုလုပ်နိုင်ရန် ငွေကျပ် ၁၀၅ သိန်း၊ ကျေးလက်စာကြည့်တိုက်များအတွက် ရောင်စုံရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုအလုံး ၂၀၊ သုတ၊ ရသစာအုပ် ၅၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ ခဲတံဒါဇင် ၅၀၀နှင့် ကျောင်းဝတ်စုံအထည် ၅၀၀ ကိုလည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌက ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ ဗလာစာအုပ်ဒါဇင် ၅၀၀၊ သုတ၊ ရသစာအုပ် ၅၀၀၊ ခဲတံဒါဇင် ၁၀၀ တို့ကိုလည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက ဗလာစာအုပ်ဒါဇင် ၃၀၀၊ ခဲတံဒါဇင် ၁၀၀ နှင့် ကျောင်းဝတ်စုံများကို လည်းကောင်း၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းက ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို လည်းကောင်း၊ သန်မြန်သူ မော်တော်ယာဉ်အသင်းက ဗလာစာအုပ်ဒါဇင် ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မျက်စိအခမဲ့ စမ်းသပ်ကုသလှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အစိုးရနည်းပညာကောလိပ်(လွိုင်ကော်) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အဆောက်အအုံ ဆောက်လုပ်မည့်နေရာနှင့် မြေတိုင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ပြည်နယ်ဥက္ကဋ္ဌနှင့် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေတို့က ကျေးရွာအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ အဝတ်အထည်များနှင့် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပန်ကန်း အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် တိုးချဲ့ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်က ကျောင်းအတွက် ဗလာစာအုပ်ဒါဇင် ၅၀၊ ပြည်နယ် ဥက္ကဋ္ဌက သုတ၊ ရသစာအုပ်များနှင့် ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက ဗလာစာအုပ် ဒါဇင် ၅၀ ပေးအပ်လှူဒါန်းသည်။

## ကျောင်းဝတ်စုံပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွာတန်းရှည် အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွက် ဗဟိုအလုပ်အမှုဆောင်က ဗလာစာအုပ် ဒါဇင် ၅၀ နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက ကျောင်းဝတ်စုံ ၅၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် လူမှုကူညီစောင့်ရှောက်မှုအသင်း လှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင်များက အသင်းအတွက် အလှူငွေကျပ် ၇၄ သိန်း ငါးသောင်းကို လည်းကောင်း၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လူမှုကူညီစောင့်ရှောက်မှု အသင်းသို့ ကားတစ်စီးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လွိုင်ကော်တက္ကသိုလ်၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ကာ အဆိုပြုလွှာ ၂၆၄ စောင်ကို လက်ခံပြီး လွိုင်ကော် တက္ကသိုလ်အတွက် အလှူငွေကျပ် သုံးသိန်း၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်များအတွက် အလှူငွေကျပ် နှစ်သိန်းစီနှင့် ပြည်နယ် ဥက္ကဋ္ဌက လွိုင်ကော်တက္ကသိုလ်အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို တက်ရောက်၍ အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်က လက်ခံကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပဲခူးတိုင်း ဝေါမြို့ အေးချမ်းသာယာတိုးချဲ့ရပ်ကွက်ရှိ ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော ကလေးသူငယ်များနှင့် နယ်စပ်ဒေသအသီးသီးမှ ရောက်ရှိ ပညာသင်ကြားနေသော နယ်စပ်သာမဏေ ၅၀၊ ကလေးသူငယ် ၂၀၀ ကျော်တို့အတွက် ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)၊ ဇနီး ဒေါ်ဥမ္မာမိသားစုတို့က အလှူငွေကျပ်သိန်း ၈၀ ကို ဝေါမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနိုင်ဝင်းရွှေနှင့် ကျောင်းတိုက်နာယက ဦးဟုတ်ဆိုင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ကြည့်မြင်တိုင်မြို့နယ် မဏီမေခလာလမ်း အမှတ်၉ မြိုင် အထူးကုဆေးခန်း ဒေါက်တာစိုးမြင့် မိသားစုနှင့် မြိုင်အကူသူနာပြု၊ ဆေးဝါးကျွမ်းကျင်အကူသင်တန်းသူ သင်တန်းသားများက ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနဆောင်၌ အသုံးပြုရန်အတွက် ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ လူနာစမ်းသပ်ခုတင်တစ်လုံး လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)



**(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး**

(၂၁-၆-၂၀၀၆)

# အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ရောက်ရှိ

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Chua Soi Lek၊ စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr Khaw Boon Wan၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Honorable Pehin Dato Suyoi Osman နှင့် အဖွဲ့ဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Dr. Nuth Sokhom၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Ponmek Dalaloy၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Dr. Tran Chi Liem၊ ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Anutin Charnvirakulနှင့် အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

## ကြိုဆိုနှုတ်ဆက်

အဆိုပါဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့ဝင်များအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# KNU အကြမ်းဖက်သောင်းကျန်းသူများ သထုံမြို့နယ် ဒဂ်ါးဆိပ်ကျေးရွာသို့ ဝင်ရောက်လာ ရွာသားများထံမှ ဆက်ကြေးငွေများ အဓမ္မတောင်းယူ

**ရန်ကုန် ဇွန် ၂၀**

KNU အကြမ်းဖက် သောင်းကျန်းသူများသည် နယ်မြေအေးချမ်းသာယာရေးနှင့် ရပ်ရွာလုံခြုံရေးကို ဟန့်တား နှောင့်ယှက် ဖျက်ဆီးပြီး ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဇွန် ၁၉ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒဂ်ါးဆိပ်ကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများထံမှ ဆက်ကြေး ငွေကျပ် ခုနစ်သိန်းကို အဓမ္မတောင်းယူသွားကြောင်း သိရှိရသည်။

KNU အကြမ်းဖက် သောင်းကျန်းသူ ဗိုလ်အဆင့်ရှိ ကျော်နိုင်ဦးစီးသည့် အင်အား ၃၀ ခန့်တို့သည် လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စု ဒဂ်ါးဆိပ်ကျေးရွာသို့ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ဝင်ရောက်လာကြပြီး ဒဂ်ါးဆိပ်ကျေးရွာမှ ဦးကျော်မြင့် အပါအဝင် ရွာသားလေးဦးတို့အား ရွာ၏ အနောက်ဘက်လမ်းဆုံ လယ်ကွင်းစပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြပြီး ဆက်ကြေးငွေကျပ် ၁၀ သိန်းပေးရန် ခြိမ်းခြောက်ခဲ့ကြောင်း၊ ဦးကျော်မြင့်၊ ဦးကျော်လှိုင်၊ ဦးအိဗရာဟင်(ခ) မျိုးဦးနှင့် မနှင်းဝေတို့သည် အသက်ဘေးမှ လွတ်မြောက်ရေးအတွက် ရသမျှငွေကြေးကို စုဆောင်းပြီး စုစုပေါင်း ငွေကျပ် ခုနစ်သိန်းကို ပေးလိုက်မှသာ KNU တို့က ၎င်းတို့အား ပြန်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ KNU အကြမ်းဖက် သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**၂၅-၆-၂၀၀၆ ရက်နေ့**

**၂၀၀၆ခုနှစ် ဇူလိုင်လအတွက်**

**၉-၇-၂၀၀၆ ရက်နေ့**

**နှင့်**

**၃၀-၇-၂၀၀၆ ရက်နေ့**

# KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသောမိုင်းနင်းမိ ပုလောမြို့နယ်၌ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

**ရန်ကုန် ဇွန် ၂၀**

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ရှမ်းဒွတ်ကျေးရွာအုပ်စု နယ်မြေအတွင်း KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ဇွန် ၁၆ ရက်တွင် အပြစ်မဲ့ပြည်သူ နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ရှမ်းဒွတ်ကျေးရွာအုပ်စု အင်းမဝကျေးရွာမှ ဦးနိုင်ဝင်း၃၅နှစ် (ဘ) ဦးရွှေကြည်နှင့် ကိုင်းကြီးကျေးရွာမှ ဦးတင်ထွန်း ၃၁နှစ် (ဘ) ဦးဖိုးကြွယ်တို့နှစ်ဦးသည် အခြားရွာသူရွာသား ၁၀ ဦးနှင့်အတူ နံနက် ၆ နာရီခွဲတွင် ရှမ်းဒွတ်ကျေးရွာ၏ အရှေ့မြောက်ဘက် ရှမ်းသေကြီး သတ္တုမိုင်းဟောင်းနေရာအနီး စလောင်ဒါတောင်ကုန်း၌ တည်းသီးကောက်နေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးကို ဦးတင်ထွန်းက နင်းမိခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ဦးတင်ထွန်း၏ ယာခြေဖမိုး၊ ပေါင်လယ်၊ လက်မောင်း၊ ဘယ်ခြေဖဝါးတို့တွင်လည်းကောင်း၊ ဦးနိုင်ဝင်း၏ ယာဘက်ရင်အုံတွင်လည်းကောင်း မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးတို့အား ယင်းနေ့ညနေ ၄ နာရီတွင် ပုလောမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဆေးရုံဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၇နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့နယ် အဝင် အေးရွာလေးအထိ ကတ္တရာကွန်ကရစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

**ဖြည့်စွက်တင်ပြ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် အဆိုပါလမ်းပိုင်းဖြစ်သည့် ထန်းတပင်မြို့နယ် ထန်းတပင်ရွာအနီး ကျောက်ခင်းကျင်းနေသည့် လုပ်ငန်းခွင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ဖောက်လုပ်လျက်ရှိသော လမ်းအရှည်ပေ ၁၆၅၀၀၊ အကျယ် ၁၄ပေတွင် ၁x၁လက်မခွဲ လိပ်သဲကျောက်ခင်းခြင်းလုပ်ငန်း၊ နှစ်လက်မထုဝင် ကတ္တရာလောင်းခြင်းလုပ်ငန်း၊ ပထမထပ်ကတ္တရာလောင်းခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ယနေ့အထိ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် လမ်းခင်းကျင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ကတ္တရာ ကွန်ကရစ်လမ်းခင်းကျင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ယနေ့အထိ ၁x½ လက်မခွဲ လိပ်သဲကျောက်ခင်းခြင်းလုပ်ငန်း ပေ ၁၁၅၀၀၊ နှစ်လက်မထုဝင် ကတ္တရာလောင်းခြင်းလုပ်ငန်း ပေ ၉၅၁၀၊ ပထမထပ် ကတ္တရာလောင်းခြင်းလုပ်ငန်း ၉၁၁၈ပေနှင့် ရေပိတ်လွှာ ကတ္တရာလောင်းခြင်းလုပ်ငန်း ၈၇၄၅ပေ ဆောင်ရွက်ပြီးစီးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင် အေးရွာလေးအထိ ကတ္တရာကွန်ကရစ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## စုပေါင်းသွေးလှူဒါန်းမည်

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဧဝိတဒါနသံဃာ့ဆေးရုံကြီး၏ ပဥ္စမအကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၉ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယခင်နှစ်များကအတိုင်း ဧဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော သွေးလိုအပ်နေသည့် သံဃာတော်များ၊ သီလရှင်များအတွက် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းလှူဒါန်းကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဆေးရုံအုပ် (သံဃာ) ဖုန်း-၀၁-၅၅၇၇၃၄၊ ဒုတိယ ဆေးရုံအုပ်(သီလရှင်)ဖုန်း-၀၁-၅၄၂၇၀၆နှင့် အုပ်ချုပ်ရေးမှူး ဖုန်း-၀၁-၅၄၁၇၉၅ တို့သို့ ဇူလိုင် ၇ရက် ညနေ၄နာရီနောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## ၂၀၀၆ ကမ္ဘာ့ဖလားပွဲနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ဇွန် ၂၁ရက် **(ယနေ့)** ကစားမည့် ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးအေးမောင်လေး

- **ပေါ်တူဂီနဲ့ မက္ကဆီကိုပွဲဆိုရင် ပေါ်တူဂီကစားပုံကို ပိုကြိုက်တယ်။ တိုက်စစ်အားကောင်းတယ်။ ခံစစ်အားမျှတယ်။ မက္ကဆီကိုအသင်းကို ပေါ်တူဂီတို့ လွယ်လွယ်တော့အနိုင်မရနိုင်ဘူး၊ မက္ကဆီကို အသာစီးရအောင်ကြိုးစားကစားနိုင်ပေမယ့် ပေါ်တူဂီ အလေးသာနိုင်တယ်။**
- **အီရန်နဲ့ အင်ဂိုလာပွဲစဉ်ကတော့ အီရန်ခြေစွမ်းက ပိုထက်ပါတယ်။ တကယ်တမ်း အင်နဲ့အားနဲ့ကစားရင် အီရန်တို့ အနိုင်ရနိုင်ပါတယ်။ အင်ဂိုလာက ခြေမာပေမယ့် အီရန်လောက် အဆုံးသတ်မကောင်းဘူး။**
- **နယ်သာလန်နဲ့ အာဂျင်တီးနားပွဲကတော့ နှစ်သင်းစလုံးအတွက် ပွဲကျပ်ပါပဲ။ နယ်သာလန်ထက်စာရင် အာဂျင်တီးနားတို့က အုပ်စုဖွဲ့ကစားတာ၊ ထိုးဖောက်ကစားတာ ပိုကောင်းပါတယ်။ နယ်သာလန်တို့က ရှေ့တန်းတိုက်စစ်မှာ အာဂျင်တီးနားလောက် ဂိုးသွင်းစွမ်းရည်မရှိဘူး၊ ဒါပေမယ့် နယ်သာလန်ကို အာဂျင်တီးနား ခက်ခက်ခဲခဲ ကစားရမှာသေချာတယ်။ ရလဒ်ကို အပြတ်ပြောလို့ မရတဲ့ပွဲပါပဲ။**
- **အိုင်ဗရီကို့စ်နဲ့ ဆားဘီးယားပွဲစဉ်မှာတော့ နှစ်သင်းစလုံးက အုပ်စု အဖြည့်ခံတွေ ဖြစ်နေပါပြီ။ ဒီနှစ်သင်းမှာ အကြိုက်ကတော့ အိုင်ဗရီကို့စ်ပါ။ သိက္ခာပိုင်းအရ အိုင်ဗရီကို့စ်တို့ အနိုင်ကစားမယ်ထင်တယ်။**

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ထူးသာ

- **ပေါ်တူဂီနဲ့ မက္ကဆီကိုပွဲစဉ်မှာ အစဉ်အလာရော သမ္မာမှာပါ ပေါ်တူဂီတို့က သာပါတယ်။ မက္ကဆီကိုအသင်းလဲ မညံ့ပေမယ့် ပေါ်တူဂီကိုတော့ ယှဉ်နိုင်မှာမဟုတ်ပါဘူး၊ ပေါ်တူဂီတို့ သရေနဲ့အနိုင်ပဲဖြစ်မှာပါ။**
- **အီရန်နဲ့အင်ဂိုလာပွဲကတော့ အီရန်တို့ကြိုးစားမှုကို သဘောကျတယ်။ အင်ဂိုလာအသင်းကလဲ မာမာတင်းတင်းကစားတတ်တယ်၊ ဒါပေမယ့် အီရန်တို့လောက် ဂိုးသွင်းမသေချာဘူး၊ သရေပွဲဖြစ်ဖို့များတယ်။ အီရန်နိုင်ရင်လဲ ဂိုးမပြတ်နိုင်ဘူး။**
- **နယ်သာလန်နဲ့ အာဂျင်တီးနားပွဲကတော့ တကယ်ကြည့်ကောင်းမယ့်ပွဲပဲ၊ ရော်ဘင်သံယောဇဉ်နဲ့ နယ်သာလန်ကို သဘောကျပေမယ့် အာဂျင်တီးနားတို့ရဲ့ ဂိုးသွင်းစွမ်းရည်ကလဲ ကြောက်ခမန်းလိလိဆိုတော့ ပြိုင်ပွဲရလဒ်က အမျိုးမျိုးပြောင်းသွားနိုင်တယ်။**
- **အိုင်ဗရီကို့စ်နဲ့ ဆားဘီးယားပွဲမှာ အိုင်ဗရီကို့စ်နိုင်မယ်ထင်တယ်၊ အိုင်ဗရီကို့စ်မှာ ကစားအားကောင်းတဲ့သူတွေရှိတယ်၊ ဒီကမ္ဘာ့ဖလားပွဲမှာ အိုင်ဗရီကို့စ်တို့ ဒီပွဲအနိုင်ရလောက်ပါတယ်။** (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

**ဦးဆောင်ဂိုး**

အိမ်ရှင် ဂျာမနီအသင်းသည် အုပ်စုပထမရရှိရေးအတွက် လူစုံထုတ်ကစားရာ ပွဲစပြီး ၄မိနစ်အကြာမှာပင် တိုက်စစ်မှူးကလိုဆေးက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂျာမနီအသင်းက ခြေအသာစီးမှုကစားပြီး အဆက်မပြတ် ထိုးဖောက်တိုက်စစ်ဆင်ကစားရာ ၄၄မိနစ်တွင် မိုက်ကယ်ဘောလက်အနေတော်ချပေးသည့်ဘောလုံးကို အီကွေဒေါနောက်တန်းလူနှင့် ဂိုးသမားတို့ကာကွယ်သည့်ကြားမှ တိုက်စစ်မှူး ကလိုဆေးက ဘောလုံးရသွားပြီးကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် ဂျာမနီအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

**ဒုတိယပိုင်း**

ဂျာမနီအသင်းသည် ဒုတိယပိုင်းတွင် အမာခံကစားသမားများဖြစ်ကြသော ကလိုဆေး၊ ရှနိုက်ဒါတို့ကို အရန်လူများနှင့် လူစားလဲကစားခဲ့သည်။ ဂျာမနီအသင်းအတွက် တတိယဂိုးကို ၅၇ မိနစ်တွင် ပိုဒေါစကီးက သွင်းယူပေးသည်။ အီကွေဒေါအသင်းက သိက္ခာဆယ်ဂိုး ရရှိရေးအတွက် ပြန်လည်တင်ကစားသော်လည်း ဂျာမနီအသင်းနောက်တန်းကို ထိုးဖောက်နိုင်ခြင်းမရှိခဲ့ပေ။ ဂျာမနီအသင်းသည် အိမ်ရှင်ပရိသတ်ရှေ့မှောက်၌ ဂိုးပြတ် အနိုင်ရရှိသွားရာ ဂုဏ်သိက္ခာမြင့်မားခဲ့ရသည်။ ဂျာမနီအသင်း တိုက်စစ်မှူး ကလိုဆေးသည် ယခုပွဲနှစ်ဂိုးသွင်းယူနိုင်သဖြင့် စုစုပေါင်း လေးဂိုးဖြင့် ဂိုးအများဆုံး သွင်းယူထားသည်။

**ပိုလန်နိုင်**

အုပ်စု(က)မှ ပိုလန်အသင်းနှင့် ကော့စတာရီကာအသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက ဟန်နိုဗာမြို့ရှိ AWD Arena အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပိုလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပိုလန်အသင်းသည် အုပ်စုတက်ရန် မျှော်လင့်ချက်ကုန်ဆုံးနေပြီဖြစ်သော်လည်း အိမ်အပြန် မျက်နှာပန်းလှရေးအတွက် အနိုင်ကစားသွားသည်။ ကော့စတာရီကာအသင်းက ၂၄ မိနစ်တွင် ဂိုမက်ဇ်သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၃၃ မိနစ်တွင် ပိုလန်အသင်းအတွက် ဘိုဆာ့စ်ကီက ချေပဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေပွဲဖြစ်နေသည်။ ပိုလန်အသင်းအတွက် ဒုတိယဂိုး(အနိုင်ဂိုး)ကို ၆၆ မိနစ်တွင် ဘိုဆာ့စ်ကီကပင် သွင်းယူပေးသည်။

**အုပ်စုပထမ**

အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဂျာမနီအသင်းက သုံးပွဲကစား သုံးပွဲနိုင်ပြီး (၉)မှတ်ဖြင့် အုပ်စု ပထမ၊ အီကွေဒေါအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး(၆)မှတ်ဖြင့် အုပ်စု ဒုတိယရရှိသည်။ ပိုလန်အသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး (၃) မှတ်၊ ကော့စတာရီကာအသင်းက သုံးပွဲကစား သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

**(သတင်းမှတ်စု-ကိုထွေး)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် TOTAL E & P USA INC HUSTON TX USA နေ ဦးခင်ဆွေ-ဒေါ်အမာ၊ ဦးမြင့်သူ-ဒေါ်မီမီအောင် မိသားစုနှင့် ဦးဝေလွင်-ဒေါ်မိုးမိုးနွယ် မိသားစုက သားသား မွေးနေ့အတွက် ငွေကျပ် တစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

**ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်တွင် ရွှေသင်္ကန်းကပ်လှူခြင်း၊ တနင်္ဂနွေထောင့် အရုံစေတီ မွမ်းမံခြင်း၊ တောင်ဓမ္မာရုံ ပြုပြင်မွမ်းမံရန်အတွက် အခန်း ၁၆ တိုက် ၃၅၆(၅)ရပ်ကွက်အနောက် ရန်ကင်းနေ (ဦးမြင့်ဦး)-ဒေါ်မြရွှေ၊ သမီး ဒေါ်မြင့်မြင့်ရွှေ၊ သားများနှင့် မြေးတစ်စုက အလှူတော်ငွေကျပ် ၂၀၀၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်တို့ထံ ပေးအပ်စဉ်။** (က-ပ)



## ဝိပဿနာတရားစခန်းဖွင့်မည်

**ရန်ကုန် ဇွန် ၂၀**

ကျေးဇူးရှင် လယ်တီဆရာတော်၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ၊ ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က ဇွန် ၂၃ ရက်မှ ၂၉ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ သာဓုကာရီဓမ္မာရုံတွင် လည်းကောင်း၊ ဇူလိုင် ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၏ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် လည်းကောင်း၊ ဝါတွင်း ခုနစ်ရက်တရားစခန်းကို အုံကြီးအရှေ့ ရပ်ကွက်ရှိ ဓမ္မရသရိပ်သာတွင် ဇူလိုင် ၈ရက် ညနေပိုင်းမှ ၁၆ရက် နံနက်ပိုင်းအထိ လည်းကောင်း၊ ၁၆ရက်မှ ၂၂ရက်အထိ ညနေ၆နာရီခွဲမှ၈နာရီအထိ ပန်းဘဲတန်းမြို့နယ် ၂၈လမ်း (အောက်) ပုညကုသလဓမ္မာရုံတွင် လည်းကောင်း ဟောပြောပို့ချမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

# စပိန်က တူနီးရှားကိုနိုင်ပြီး အုပ်စုတွင်ဦးဆောင် ဆွစ်ဇာလန်က တိုဂိုကိုနိုင်၍ စပိန်အား ဒြိမ်းခြောက်




ဟမ်းဘတ် ဇွန် ၂၀

**ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်များကို ဇွန် ၁၉ ရက်ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(ဆ)မှ ဆွစ်ဇာလန်အသင်းက တိုဂိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စု(ဇ)မှ ယူကရိန်းအသင်းမှ ဆော်ဒီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ယင်းအုပ်စု(ဇ)မှ စပိန်အသင်းက တူနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်းအသီးသီးနိုင်ရရှိသွားခဲ့သည်။**

## အကောင်းဆုံးဆု

ဆွစ်ဇာလန်အသင်းသည် ယင်းအုပ်စုမှ ၁၆သင်းအုပ်စုတက်ရေးနေရာအတွက် မျှော်လင့်ချက် ရှင်သန်လာသည်။ ဆွစ်ဇာလန်အသင်းသည် ပထမပွဲစဉ်တွင် ပြင်သစ်အသင်းနှင့် ကစားရာ၌ ဂိုးမရှိ သရေကျထားပြီး နှစ်ပွဲပေါင်း လေးမှတ် ရထားသည်။ ဇွန် ၂၃ ရက်တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆွစ်ဇာလန် အသင်းအတွက် အနိုင်ဂိုးများကို အလက်ဇန္ဒားဖရိုင်းနှင့် ဘားနက်တာတို့က သွင်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲ၏ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို အလက်ဇန္ဒားဖရိုင်းက ဆွတ်ခူးနိုင်ခဲ့သည်။

## ပြန်သွင်းနိုင်

ည ၁၀ နာရီခွဲပွဲအဖြစ် ဆော်ဒီအသင်းနှင့် ယူကရိန်းအသင်းတို့

တင်ပြသူ

မြင့်မောင်စိုး

ယှဉ်ပြိုင်ကစားရာတွင် ယူကရိန်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယူကရိန်းအသင်းသည် အဖွင့်ပွဲစဉ်က စပိန်အသင်း၏ လေးဂိုး-ဂိုးမရှိ အသွင်းခံခဲ့ရပြီး ဒုတိယပွဲစဉ်တွင် ဆော်ဒီအသင်းကို လေးဂိုး-ဂိုးမရှိ ပြန်သွင်းနိုင်ခဲ့သည်။

ယူကရိန်းက ဆော်ဒီအာရေဗျအသင်းကို အနိုင်ရခြင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအနိုင်ရရှိခြင်းဖြစ်လာသည်။ယူကရိန်းမှ ကာလီနီချင်ကိုသည် ပွဲစဉ်တစ်လျှောက် နှစ်ဂိုးသွင်းနိုင်ရန် ဖန်တီးပေးနိုင်ခဲ့၍ အကောင်းဆုံး ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

## ဂိုးသွင်းခွင့်များဖန်တီးပေး

ည ၁ နာရီခွဲပွဲအဖြစ် စပိန်အသင်းနှင့် တူနီးရှားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ လူစားဝင်လာသူ ဖာဘရီဂတ်စ်က စပိန်အသင်းအား ဂိုးသွင်းခွင့်များကို ဖန်တီးပေးကာ နောက်ဆုံး ၁၆သင်းသို့ ပို့ပေးနိုင်ခဲ့သည်။

## ချေပဂိုးသွင်းယူ

ပွဲစပြီး ရှစ်မိနစ်အကြာတွင် တူနီးရှားအသင်းမှ အံ့သြခြင်း များစွာဖြင့် တစ်ဂိုးစသွင်းနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၇၀အထိ စပိန်အသင်းက ချေပဂိုး မသွင်းနိုင်ဘဲရှိသည်။ ပွဲချိန် ၇၁မိနစ်တွင် ဖာဘရီဂတ်စ် ထိုးပေးလိုက်သည့်



**စပိန်အသင်းအတွက် ဗွေဆော်ဦးဂိုးကို ရာအူးလ်က ဤသို့သွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာ့ဖလား သတင်းဂယက်

ဘောလုံးကို လူးဝစ်ဂါစီယာအစား ဝင်လာသော ရာအူးလ်က သွင်းယူလိုက်သည်။

## တစ်ဂိုးထပ်မံသွင်း

ယင်းနောက် သုံးမိနစ်အကြာတွင် ဖာဘရီဂတ်စ်မှပင် ဖာနန်ဒိုတောရက်စ်အား ဂိုးသွင်းခွင့် ဖန်တီးပေးလိုက်ရာ တစ်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့သည်။ စပိန်အသင်းအတွက် တတိယ အနိုင်ဂိုးကို တောရက်စ်က ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။

စပိန်အသင်း ယခုအနိုင်ရမှုသည် အုပ်စု(ဇ)တွင် ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။ စပိန်တိုက်စစ်မှူး ဖာဘရီဂတ်စ်သည် ကမ္ဘာ့ဖလားတွင် အကောင်းဆုံး ခြေစွမ်းပြနိုင်သည့် လူငယ်ကစားသမားဖြစ်လာကြောင်း နည်းပြ လူးဝစ်အာရာဂိုးနက်စ်က ပြောကြားသည်။



**ယူကရိန်းအသင်းအတွက် တတိယမြောက်ဂိုးကို ရှက်ဗ်ချင်ကိုက ဤသို့ခေါင်းတိုက်သွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

### အုပ်စု(ဇ)၏ ရပ်တည်မှုအနေအထား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| စပိန် | ၂ | ၂ | - | - | ၇ | ၁ | ၆ |
| ယူကရိန်း | ၂ | ၁ | - | ၁ | ၄ | ၄ | ၃ |
| တူနီးရှား | ၂ | - | ၁ | ၁ | ၃ | ၅ | ၁ |
| ဆော်ဒီ | ၂ | - | ၁ | ၁ | ၂ | ၆ | ၁ |

### အုပ်စု(ဆ)၏ ရပ်တည်မှုအနေအထား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဆွစ်ဇာလန် | ၂ | ၁ | ၁ | - | ၂ | - | ၄ |
| တောင်ကိုရီးယား | ၂ | ၁ | ၁ | - | ၃ | ၂ | ၄ |
| ပြင်သစ် | ၂ | - | ၂ | - | ၁ | ၁ | ၂ |
| တိုဂို | ၂ | - | - | ၂ | ၁ | ၄ | - |

**(အင်တာနက်)**

## ခံစစ်တံတိုင်း

တူနီးရှားအသင်းသည် စပိန်အသင်း၏ တိုက်စစ်ကို မိနစ် ၇၀ ကြာအောင် ထိန်းထားနိုင်ခဲ့သည်။ ဘော်လ်တန်နောက်တန်းကစားသမား ဂျိုင်းဒီ၏ ဦးဆောင်မှုဖြင့် တူနီးရှားတို့ အကောင်းဆုံး ခံစစ်တံတိုင်းကို ကာရံထားခြင်းဖြစ်သည်။

သို့သော်လည်း ဖာဘရီဂတ်စ် ဝင်လာပြီးနောက် စပိန်ကွင်းလယ်ကစားကွက်ပြောင်းလိုက်၍ ဂိုးစသွင်းနိုင်ခဲ့သည်။ လက်ရှိအနေအထားအရ စပိန်အသင်းသည် ဖိုလ်လုပွဲတွင် တစ်သင်းသင်းနှင့် ကစားရလိမ့်မည် ဖြစ်ကြောင်း ဖာဘရီဂတ်စ်က ပြောကြားလာသည်။ ပြိုင်ပွဲအလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို စပိန်မှ အလွန်ဆိုက ဆွတ်ခူးနိုင်ခဲ့သည်။ ။

**(အင်တာနက်)**

# ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားသတင်းများ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၂၀

**၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု နောက်ဆုံးပွဲစဉ်များကို ဆက်လက်ကစားနေပြီဖြစ်ရာ ဇွန် ၂၁ ရက်** (ယနေ့) **ကစားမည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များနှင့် ပတ်သက်သည့် နောက်ဆုံးရရှိသော သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။**

## ဒေကို၊ စီရိုနယ်ဒိုနှင့် ပေါ်လက်တာတို့ကို သတိထားရန် မက္ကဆီကိုနည်းပြ ပြောကြား

ယနေ့ကစားမည့် ပေါ်တူဂီနှင့်ပွဲတွင် ပေါ်တူဂီ၌ ခြေစွမ်းပြနေသော ဒေကို၊ စီရိုနယ်ဒိုနှင့် ပေါ်လက်တာတို့ကို အထူးသတိထားကစားရန် မက္ကဆီကိုနည်းပြ ရီကာဒိုလာဗော်ပီက သူ့ကစားသမားများအား သတိပေးလိုက်သည်။



**မက္ကဆီကို တိုက်စစ်မှူး ဘော်ဂတ်တီ။**

အထူးသဖြင့် စီရိုနယ်ဒို၏ မြွေနှောက်ကစားမှုများကို အာရုံစိုက်လွန်းလျှင် အခြားတိုက်စစ်မှူးများကို သတိထားမှု အားနည်းသွားနိုင်ကြောင်း၊ မိမိတို့အနိုင်ရရှိရေးကြိုးစား အားထုတ်ရမည်မှာ မှန်သော်လည်း ခံစစ်ကြောင်းလုံရန်လည်း အရေးကြီးကြောင်း၊ ပေါ်တူဂီတိုက်စစ်ကို သတိထား ကစားရမည်ဖြစ်ကြောင်း မက္ကဆီကိုနည်းပြက ပြောကြားလိုက်သည်။



**အာဂျင်တီးနား တိုက်စစ်မှူး ခရက်စပို။**

## နိုင်ပွဲသာလိုချင်ကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီ ပြောကြား

ပေါ်တူဂီအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အောင်မြင်မှုများနှင့် နှစ် ၄၀ ဝေးကွာခဲ့ရမှုကို အဆုံးသတ်ချင်ကြောင်း၊ ပေါ်တူဂီဘောလုံးသမားများကို မိမိပြောကြားခဲ့သည်မှာ မက္ကဆီကိုနှင့်ပွဲတွင် အနိုင်သာလိုချင်ကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားလိုက်သည်။

သမိုင်းဝင်အောင်မြင်မှုတစ်ရပ်ကို သာမန်ကြိုးစားအားထုတ်မှုနှင့်မရနိုင်ကြောင်း၊ ယခုပေါ်တူဂီအသင်း နိုင်ပွဲများရရှိနေသော်လည်း ကစားပုံ အားမရကြောင်း၊ သရေမလိုချင်၊ နိုင်ပွဲသာလိုချင်ကြောင်း စကိုလာရီက သူ့ကစားသမားများကို တပ်လှန့်လိုက်သည်။

## ပေါ်တူဂီနှင့်ပွဲသည် ခက်ခဲသောပွဲဖြစ်ကြောင်း ဘော်ဂတ်တီ ပြောကြား

ယနေ့ကစားရမည့် ပေါ်တူဂီနှင့်ပွဲသည် မက္ကဆီကိုအသင်းအတွက် ခက်ခဲသောပွဲဖြစ်ကြောင်း မက္ကဆီကိုတိုက်စစ်မှူး ဘော်ဂတ်တီက ပြောကြားသည်။ မက္ကဆီကိုတွင် ဒဏ်ရာရသူများရှိနေပြီး ဘော်ဂတ်တီ ကိုယ်တိုင်လည်း ကြွက်သားနာကျင်မှုဝေဒနာ ခံစားနေရသည်။

ဘော်ဂတ်တီသည် အီရန်နှင့် ကစားသောပွဲ၌ ကြွက်သား နာကျင်မှုဒဏ်ရာရရှိခဲ့ကြောင်း၊ သို့သော်လည်း ပေါ်တူဂီအား ခြေကုန်ထုတ် ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

## နယ်သာလန်ဘက်သို့ ပထမဆုံး ဂိုးသွင်းယူချင်နေသည့် ခရက်စပို

ယနေ့ကစားမည့်ပွဲတွင် နယ်သာလန်အသင်းဘက်သို့ မိမိအနေဖြင့် ပထမဆုံးဂိုးသွင်းယူချင်ကြောင်း အာဂျင်တီးနားတိုက်စစ်မှူး ခရက်စပိုက ပြောကြားလိုက်သည်။

**အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာ။**



နယ်သာလန်နှင့်ပွဲသည်အရေးကြီးကြောင်း၊ ဂိုးတစ်ဂိုးရရန်မလွယ်ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် ပထမဆုံး ဂိုးသွင်းသူအဖြစ် နယ်သာလန်နှင့်ပွဲတွင် ရပ်တည်ချင်ကြောင်း ခရက်စပိုက ပြောကြားသည်။

အာဂျင်တီးနားအသင်းသည် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းများ၌ ဂိုးသွင်းမှုအမြင့်ဆုံး အသင်းပင်ဖြစ်သော်လည်း နယ်သာလန်ကို မိမိတို့ အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

## ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးဖြစ်ရေး ဒရော့ဘာကြိုးပမ်းမည်

ယနေ့ကစားရမည့် ဆာဘီးယားနှင့်ပွဲတွင် မိမိတို့အတွက် နောက်တစ်ဆင့်တက်ရန် အရေးမပါတော့သော်လည်း မိမိအနေဖြင့် ကမ္ဘာ့အဆင့်မီ တိုက်စစ်မှူးဖြစ်ရေးကြိုးပမ်းသွားမည်ဟု အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာက ပြောကြားလိုက်သည်။ ဆာဘီးယားကို မိမိတို့အနိုင်ယူကာ အိမ်အပြန်နိုင်ပွဲရလဒ်ကို ပွေ့ပိုက်ပြီး ပြန်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ဆာဘီးယားနည်းပြ စိတ်ပျက်နေ

ယနေ့ကစားမည့် အိုင်ဗရီကို့စ်နှင့်ပွဲတွင် ဆာဘီးယားဘောလုံးသမားများအား တက်ကြွမှုမရှိသည့်အတွက် ဆာဘီးယားနည်းပြ အီလီယာပက်ကိုဗစ် စိတ်ပျက်နေကြောင်း သိရသည်။

ဆာဘီးယားအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အုပ်စုပွဲနှစ်ပွဲစလုံးရှုံးထားရာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်မထားနိုင်တော့ဘဲ ယခုပွဲအကောင်းဆုံးကစားရန်သာလိုအပ်ကြောင်း ဆာဘီးယားအသင်း နည်းပြက ပြောကြားလိုက်သည်။ ။

- **အီရန်အသင်း၌ အလီဒါယီ ပါဝင်ကစားမည်။**
- **အာဂျင်တီးနားအသင်းတွင် မက်ဆီကို ထည့်သုံးဖွယ်ရှိ။**
- **ဂါနာအသင်းသည် အတိုးတက်ဆုံး အသင်းဟု ဖီဖာက သတ်မှတ်။** (အင်တာနက်)







## မလေးရှားလုပ်ငန်းခွင်အကြို သင်တန်းတက်ရောက်ရန် သင်တန်းသားများခေါ်ယူခြင်း

(၁) မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများသည် မလေးရှား လုပ်ငန်းခွင်အကြိုသင်တန်း Induction Course ကိုတက်ရောက်အောင်မြင်၍ အောင်လက်မှတ်ရရှိပြီးမှသာ ၁-၂-၂၀၀၆ ရက်မှစ၍ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ခွင့် ဗီဇာထုတ်ပေးမည်ဖြစ်ပါသည်။

(၂) သင်တန်းတက်ရောက်လိုသူများသည် အောက်ဖော်ပြပါ သင်တန်းကျောင်းများတွင် စာရင်းပေးသွင်း တက်ရောက်နိုင်ပါသည်-
- (က) မလေးရှားလုပ်ငန်းခွင်အကြို သင်တန်းကျောင်း အမှတ်(၅) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မကွေးတိုင်းရုံး)၊ တန်ဖိုးနည်းအိမ်ရာရပ်ကွက်၊ ဆေးရုံတောင်ဘက်၊ မကွေးမြို့
- (ခ) မလေးရှားလုပ်ငန်းခွင် အကြိုသင်တန်းကျောင်းအမှတ်(၆) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ (၉၉)ကုန်တိုက်အနီး၊ မိတ္ထီလာမြို့

(၃) သင်တန်းသားအတွက် လိုအပ်သည့်အရည်အချင်း-
- (က) အသက်(၁၈)နှစ်မှ(၄၅)နှစ်အတွင်းရှိ မြန်မာနိုင်ငံသားအမျိုးသားများ
- (ခ) ကျန်းမာရေး ကောင်းမွန်သူ
- (ဂ) ကောင်းစွာ စာရေးစာဖတ်တတ်သူ
- (ဃ) မြန်မာနိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူ

(၄) အသေးစိတ်အချက်အလက်များကို အထက်ပါ လိပ်စာများတွင်လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်လည်းကောင်း၊ တယ်လီဖုန်း အမှတ် ၀၆၃-၂၁၁၄၄(မကွေးမြို့)နှင့် ၀၆၄-၂၃၀၄၈ (မိတ္ထီလာမြို့)တို့တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။**

## နယ်စပ်/စည်ပင် ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ တစ်နေ့တာဆွမ်းဆက်ကပ်

**ရန်ကုန် ဇွန် ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့အားအမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ပရိသတ်တို့က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအတွက် အလှူငွေကျပ်၂၅၀၀၀၀ ကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်အောင်သန်းဝင်း ၁၂/ဥကတ(နိုင်)၁၃၇၆၂၈သည် မိဘနှစ်ပါးအား အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးထွန်းလင်း။**

## ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် လက/၁၀၈၆ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအေဂျူးမင်း ၂/လကန(နိုင်)၀၆၂၁၃၆က ယာဉ်မှတ်ပုံတင်ပျောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လှိုင်ကော်မြို့)။**

## ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် န/၈၉၂၃၏ အခွန်ပုံစံစာရွက်စိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဦးညွန့်ဦး ဖုန်း-၀၉-၈၀ ၃၁၃၀၉။**







## မိုးကုတ်ကျောင်းသားဟောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသိရီ အမှူးရှိသော သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလပြည့်ကျော် ၁ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ကျောင်းသားဟောင်းများအနေဖြင့် ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း-၃၈၂၇၅၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မန္တလေးတိုင်းမိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ကျန်းမာရေးပညာပေးဟောပြော၊ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ် ကိုယ်ဝန်ဆောင်မိခင်များအား အင်အားဖြည့်အစားအစာထောက်ပံ့

မန္တလေး ဇွန် ၁၃

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၁ရက် နံနက်၁၀နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ယာပုံ)**တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ကာလသားရောဂါနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)ရောဂါအကြောင်းကိုလည်းကောင်း၊ခုတင်၃၀၀ဆံ့သင်ကြားရေး ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဆွေက ဆေးလိပ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောကြသည်။

### အဆိုပြုလွှာ

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာနက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၂၇၆စောင်နှင့် ချမ်းမြသာစည်မြို့နယ် ရပ်ကွက် (၁၃)ရပ်ကွက်မှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာအစောင် ၆၅၀တို့ကို တာဝန်ရှိသူများက ပေးအပ်ရာ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။

### အမှာစကားပြောကြား

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာသားဖွားခန်းသို့ ရောက်ရှိကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မေသစ်က ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေးကို ဆွေးနွေးပြောကြားပြီး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်၇၃ဦးတို့အား အင်အားဖြည့်အစားအစာများနှင့် ဆပ်ပြာထုပ်များ ထောက်ပံ့ပေးအပ်ကြသည်။ **(သတင်းစဉ်)**



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသားများ ဂုဏ်ပြုဆုချီးမြှင့်

ရေဦး ဇွန် ၁၂

**ရေဦးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန်၅ရက် နံနက်၉နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲအောင်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးဟောပြောသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရကြသော အထက(၁)နှင့်(၂)တို့မှ ကျောင်းသား ကျောင်းသူ၁၉ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရွှေဘိုမြို့ မြို့ပတ်လမ်း မြေသားတင်ခြင်းနှင့် မြောင်းတူးခြင်းကို စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရားများဖြင့် ဆောင်ရွက်ရာ မေ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်တုတ်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)





## ကျောက်ဆည်၌ တိုင်းရင်းဆေးပညာသင်တန်းဖွင့် ကျေးရွာပြည်သူများအား လက်တွေ့ကုသပေး

**ကျောက်ဆည် ဇွန် ၃**

ကျောက်ဆည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အိမ်ရှင်မများသို့ မိသားစုကျန်းမာရေးစောင့်ရှောက်မှု တိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ရက် နံနက် ၁၀နာရီက ပနန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝင်းမေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပနန်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းနှင့် အဖွဲ့ဝင်များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ဝင်းကြည်နှင့်အမှုဆောင်များ၊ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်မေကြည်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်တိုင်းရင်းဆေးမှူးနှင့် အဖွဲ့ဝင်များက ကျေးရွာပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် လက်တွေ့ကုသပေးကြောင်းသိရသည်။ **(က-ပ)**

## ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပညာသင်ထောက်ပံ့ကြေးနှင့် ဝတ်စုံပေးအပ်ပွဲကျင်းပ

**ဖျာပုံ ဇွန် ၁၆**

ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၄ရက် နံနက် ၈နာရီက ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးများနှင့်ဝတ်စုံများ ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်သင်ကြားနေသည့်ဝန်ထမ်းများ၏သားသမီး ၂၅ဦးအား ဝတ်စုံနှင့်ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၉၈၀၀၀ ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## မြို့နယ်သတင်းများ

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ မတ္တရာ၌ ကျင်းပ

**မတ္တရာ ဇွန် ၈**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကို မေ၃၀ရက် နံနက် ၁၀နာရီက မြို့မအထက်တန်းကျောင်း အောင်ဆန်းခန်းမဆောင်တွင် ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းယုက အမျိုးသမီးရေးရာအဖွဲ့ သိကောင်းစရာများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

### ဝင်ရောက်ယှဉ်ပြိုင်

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ အခမ်းအနားမှူးအဖြစ် ဒေါ်မြင့်မြင့်ဝင်းက ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အကဲဖြတ်ဒိုင်များအဖြစ် ဒေါ်ခင်မေကြည်၊ ဒေါ်ဆွေဆွေတင့်၊ ဒေါ်ခင်မျိုးဝင်း၊ ဒေါ်ခင်မြင့်နှင့် ဒေါ်ရွှေကြည်တို့က ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထောက်ပံ့

**ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိမ်းဌေးက ဝန်ထမ်းများကိုယ်စား ဌာနခွဲစာရေးကြီး ဦးမြင့်ဆွေအား ငွေကျပ် ၁၄၅၀၀၀ ပေးအပ်စဉ်။**

(၁၃၄)



## မြစ်ကြီးနားမြို့၌ ကျောက်ချောလမ်းခင်း

**မြစ်ကြီးနား ဇွန် ၅**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို စီမံချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့်ဆောင်ရွက်သော အရှည် ၁ ဒသမ ၅မိုင်၊ အကျယ် ၁၄ ပေရှိ ဒူကထောင်-တပ်ကုန်းရပ်ကွက် ချင်းဆက်လမ်းမကို မေ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဝင်းခိုင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**



**ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များစုပေါင်း၍ မေ၂၀ရက်က မြို့မဈေးဆိုင်ခန်းများရှေ့၌ ရေနုတ် မြောင်းတူးဖော်မှုလုပ်ငန်းများဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

21-6 (15).p65 1 1/23/32, 2:16 PM



## ဝါးခယ်မ သမိုင်းဝင် မြသိန်းတန်စေတီတော် စိန်ဖူးတော်သစ်တင်လှူပူဇော်ရန်ငွေများလှူဒါန်း

ဝါးခယ်မ ဇွန် ၁၂

ဧရာဝတီတိုင်း ဝါးခယ်မမြို့ သမိုင်းဝင်မြသိန်းတန်စေတီတော် ထီးတော်၊ ရွှေသင်္ကန်းကပ်လှူရန်နှင့် စိန်ဖူးတော်အသစ် တင်လှူပူဇော်နိုင်ရေးအတွက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၇ရက်မွန်းလွဲ၁နာရီက အဆိုပါစေတီတော် တန်ဆောင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် သာသနဟိတကာရီကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသော စေတီတော် ဩဝါဒစရိယ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ သာသနာ့ ဟိတကာရီကျောင်းတိုက်ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးက သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြပြီး စေတနာရှင်ပြည်သူများက အလှူငွေများကို တစ်ဦးချင်းပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(အပေါ်ဝဲပုံ)**

အဆိုပါလှူဒါန်းမှုတွင်အလှူငွေကျပ် ၄၂၁၂၅၀၀ နှင့်ရတနာပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## ရေတာရှည်မြို့ဦးပရိယတ္တိစာသင်တိုက်အတွက်ငွေလှူဒါန်း

ရေတာရှည် ဇွန် ၁၅

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း တိုက်အမှတ် ၂၀ နေ ဖခင် ဦးသက်တင်အားရည်စူး၍ဇနီးဒေါ်ကြည်၊ သားသမီးမြေးတစ်စုတို့က ရေတာရှည်မြို့ မြို့ဦးပရိယတ္တိစာသင်တိုက် ဘုရားဆောင်အတွက် အလှူငွေကျပ် ၁၆၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဇွန်၁၀ရက် နံနက်၇နာရီက မြို့ဦးစာသင်တိုက် သန္တိသုခ ဓမ္မာရုံခန်းမတွင် ကျင်းပသည်။**

အလှူငွေပေးအပ်ပွဲသို့ မြို့ဦးကျောင်းစာသင်တိုက်မှ ပဓာနနာယကဆရာတော်နှင့် စာချစာသင်ဆရာတော်များ၊ ဂေါပက အဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ အလှူရှင် မိသားစုများနှင့် စာသင်တိုက်အတွင်းရှိ သံဃာတော် ၇၅ ပါးတို့ ကြွရောက်ကြသည်။

**ခံယူဆောက်တည်**

ရှေးဦးစွာ မြို့ဦးစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဇောတက ဩဝါဒ ကထာမြွက်ကြားပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ရေစက်ချ**

ဆက်လက်၍ ရန်ကုန်မြို့နေ အလှူရှင် ဒေါ်ကြည်မိသားတစ်စုက ဘုရားဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၅၀၀၀၀၀နှင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်နေ ဒေါ်ခင်အေးမိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၆၅၀၀၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မောင်သို့ ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**(က-ပ)**

## ကျောင်းကုန်းမြို့နယ်၌ ခရီစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

ကျောင်းကုန်း ဇွန် ၁၅

**ခရီစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန်၁၂ရက် နံနက်၈နာရီက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဗလီဒေါင့်ကျေးရွာအုပ်စု ဗလီဒေါင့်ကျေးရွာ စိုက်ခင်း၌ ကျင်းပသည်။**

**စုပေါင်းစိုက်ပျိုး**

စိုက်ပျိုးပွဲတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ခရီစည်းရိုးကြက်ဆူပင် ခုနစ်ဧကတွင်အပင်ပေါင်း ၈၄၀၀တို့ကို စုပေါင်း၍ တပျော်တပါးစိုက်ပျိုးကြသည်။**(ယာပုံ)**

**ကြည့်ရှုအားပေး**

အဆိုပါ ခရီစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စခန်းနယ်မြေ စခန်းတာဝန်ခံများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များက ကြည့်ရှုအားပေး၍ စိုက်ပျိုးပေးကြကြောင်း သိရသည်။ **(၂၆၅)**

**အမြို့မြို့ အနယ်နယ် သတင်းများ**



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၁၂)ရက်**
**၂၂-၆-၂၀၀၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အရည်အသွေးပြည့်မီသော ပလတ်စတစ် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အတွေးများနှင့် မိတ်ဖွဲ့ခြင်း (ရဝေနွယ်-အင်းမ)
(၂) နိုင်ငံခြားပြန်ပုရွက်ဆိတ် (ကောင်းသန့်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (မျက်တောင်ခတ်ခြင်း၏ သဘာဝအကြောင်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (အာလူးဆန္ဒင်းမကင်းနှင့် (ငှက်ပျောသီးဆန္ဒင်းမကင်း)
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

**ညနေပိုင်း**

၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၆း၄၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေးနှစ်သက်တေး
(၁) သစ္စာပွင့်ပန်းလန်းရာမြေ
(၂) ချစ်မိုးကြီး
(၃) တေလေငှက်
၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Better English
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (မနက်ဖြန်များသို့ ရင်ဆိုင်ခြင်း)
၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁) ဇရာ
(၂) မေတ္တာဟူသည်
(၃) ဤမှန်သောသစ္စာစကား
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပန်းညွန့်ညာကြွေ
(၂) ရွှေပွင့်လွှာ
(၃) သဲကြီးမဲကြီး

## အမရပူရမြို့နယ် မိုးစပါးရာနှုန်းပြည့်ထွက်ရှိရေး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်ရှင်းလင်း မိုးသီးနှံစီမံကိန်းတာဝန်များပေးအပ်

မြစ်ငယ် ဇွန် ၇

**မန္တလေးတိုင်း အမရပူရမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် မိုးသီးနှံတာဝန်များပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးသန်းက အမရပူရမြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် မိုးစပါးတစ်ဧကတင်း ၁၀၀နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များကိုသာ စိုက်ပျိုးရန်၊ ဓာတ်မြေဩဇာအပြင် သဘာဝမြေဩဇာများ ထည့်သွင်းအသုံးပြုရန်၊ စိုက်စနစ်မှန်ကန်စေရေးနှင့် ပိုးမွှားများကာကွယ်ရေးပြုလုပ်ရန် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်က မိုးသီးနှံနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်း အခြေအနေများကို လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဌေးဝင်းက မြေကြီးမြေပုံများနှင့် ပတ်သက်၍လည်းကောင်း၊ ဆည်မြောင်းဦးစီးမှူးဦးကျော်ညွန့်က ဆည်ရေပေးဝေမှုလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျေးရွာအုပ်စုအလိုက်ဥက္ကဋ္ဌများအား တာဝန်ယူဆောင်ရွက်ရမည့်မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(၂၀၉)**

**မကွေးတိုင်း အထက်မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ထွေး ဦးဆောင်၍ အမှတ်(၁)ရပ်ကွက်ရှိ ဘုရားခြောက်ဆူကျောင်းရှေ့ မြေလွတ်မြေရိုင်းမြေကွက်တွင် မေ ၂၅ ရက်က ခရီစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။** (၀၇၆)



**မော်လမြိုင်မြို့နယ် သမိုင်းဝင် ကျိုက်သလ္လံ စေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇွန် ၆ရက်က မိဘများဖြစ်သောဦးထွန်းအုံး - ဒေါ်ခင်တင့်အား ရည်စူး၍ မော်လမြိုင်မြို့ သိမ်ကုန်း ရပ် အမှတ် ၁၀၀/၁၀ချစ်ကြည်ရေး၂လမ်းနေ သမီးဒေါ်တင်အေးမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံယူစဉ်။** (၁၆၈)



## ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ကြို့ပင်ကောက် ဇွန် ၆

**ပဲခူးတိုင်း (အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက်တွင် ဝါဆိုတော်မူကြမည့် သံဃာတော်အပါး ၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် ဗောဓိကျောင်းတိုက် ဦးစီးပဓာန (ပြည်တွင်း/ပြည်ပ) သာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနကဆရာတော်ကိုယ်တိုင် အနုမောဒနာတရား ဟောကြား၍ ရေစက်ချတရားဟောကြားမည်ဖြစ်ရာ ရန်ကုန်၊ လက်ပံတန်း၊ စစ်ကွင်း၊ မင်းလှ၊ မိုးညို၊ အိုးသည်ကုန်း၊ အုတ်ဖို၊ ကြို့ပင်ကောက်နှင့် ဇီးကုန်းစသည့် မြို့နယ်များတွင်ရှိကြသော တပည့်ယောဂီ အပေါင်းတို့ အနေဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (၀၄၀)



# မင်းဘူး(စကု) ရွှေလင်းပင် ဘုန်းတော်ကြီးသင်ကျောင်း နွေရာသီယဥ်ကျေးမှုသင်တန်းဆင်း

မင်းဘူး(စကု) ဇွန် ၆

**မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် သမထီးကျေးရွာ ရွှေလင်းပင်ဘုန်းတော်ကြီးသင်ကျောင်း၏ စတုတ္ထအကြိမ်မြောက် နွေရာသီယဥ်ကျေးမှုသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃၁ရက် ညနေ ၄နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။**

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တရ (မဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော် အမှူးပြုသော သံဃာတော်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

## လျှောက်ထား

သင်တန်းဆင်းပွဲတွင် မြို့တွင်းကျောင်းဆရာတော် ဘဒ္ဒန္တနာယက က ငါးပါးသီလ ချီးမြှင့်တော်မူပြီး ဘဒ္ဒန္တဥတ္တရက ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ ပထမဆင့်အောင် သင်တန်းသား သင်တန်းသူ ၂၀၊ ဗုဒ္ဓဘာသာမြန်မာစာဘာသာ ဒုတိယဆင့် အောင်မြင်သူ ၂၅ဦး၊ အဘိဓမ္မာ ဘာသာ တတိယဆင့်အောင်မြင်သူ ငါးဦးတို့အား ဩဝါဒါစရိယ ဆရာတော်များက ဆုချီးမြှင့်ပြီး(**ဝဲပုံ**) သင်တန်းနည်းပြဆရာတော် ရွှေလင်းပင်ကျောင်းတိုက်မှ ဘဒ္ဒန္တဇဋိလကရသုံးအလှူတော်ငွေစာရင်းကို ရှင်းလင်းလျှောက်ထားသည်။

ယဉ်ကျေးမှုသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၈၇ ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၃၄၈)**



**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီလ ၁၀လမ်း အမှတ် ၃၂၆ နေ ဦးမောင်တင်အားအမှူးထား၍ သားသမီးများက အလှူငွေကျပ် တစ်သိန်းခြောက်သောင်းရှစ်ထောင်ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

# ကလေးမြို့ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကလေး ဇွန် ၁၅**

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ရက်က ဘုရင့်နောင်လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ခြင်းနှင့် အမှိုက်များဆယ်ယူရှင်းလင်းခြင်းတို့ကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင် ကြီးကြပ်၍ အဖွဲ့ပိုင်ယာဉ်များဖြင့် ရုံးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

# ပန်းတောင်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်



**ပန်းတောင်း ဇွန် ၁၂**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် စွယ်တော်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ရက်က အဆိုပါဆေးပေးခန်းရှေ့မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ဆိုင်းဘုတ်ကို ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျေးလက်ဆေးပေးခန်းကို ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေး၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကြည်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပန်းတောင်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်က ဆေးပေးခန်းဖြစ် မြောက်လာပုံကို ရှင်းလင်းပြောကြားပြီး ဦးတင်ဝင်း-ဒေါ်ငွေငွေရီမိသားစုက စွယ်တော်အခြေခံပညာမူလတန်းကျောင်းသို့ ကွန်ပျူတာတစ်လုံး လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မချမ်းဘောမြို့၌ စုပေါင်းသန့်ရှင်း

**မချမ်းဘော ဇွန် ၃**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်းအပြင် သန့်ရှင်းသာယာလှပစေရန်နှင့် သားငါး ရောင်းချသည့်နေရာများတွင် ယင်များ၊ အနံ့အသက်ဆိုးများ မရှိစေရန်အတွက် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းလွင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်း၊ ဈေးအကျိုး ဆောင်အဖွဲ့နှင့် ဈေးသူ ဈေးသားများ ဇွန် ၂ရက်က သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်ကိုကိုကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(ပြည်နယ်စည်ပင်)**

**ဒိုက်ဦးမြို့ ဦးမဲတာဆုံလမ်းလယ်ကျွန်းတွင် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဇွန်၁၀ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်တင်မာအေးတို့ ကြီးကြပ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



# ရွှေစည်းခုံဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းအတွက်လှူဒါန်း

**ရန်ကုန် ဇွန် ၂၀**

သမိုင်းဝင်ရွှေစည်းခုံ ဘုရားကြီး (ညောင်ဦး)အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ ပိတောက်လမ်း အမှတ်ဆ-၄၃ နေ ဖခင် ဦးကြင်ဝမ်းကိုရည်စူး၍ ဇနီး ဒေါ်ကျင်လှိုင်၊ သမီး မခိုင်ခိုင်စိုး (စိန်သစ္စာဆန်ပွဲရုံ) က ရွှေချပြီး ရွှေပြားချပ်၂၀ **(အောက်ပုံ)**၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၁၁၃၉ မြတ်လေးလမ်း ၄၁-ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဦးတင်ကြည်-ဒေါ်ယဉ်မြင့်က ငွေကျပ် ၅၀၀၀၀၊ ပခုက္ကူမြို့ စံတောရပ်နေ အစ်မကြီး ဒေါ်မမလေးအားရည်စူး၍ ဦးထွေးဆောင် (ချောက်မြို့)၊ မိခင်ကြီး ဒေါ်စောရီအားအမှူးထား၍ စီဘလောက် ယုဇနဥယျာဉ်မြို့တော်နေ ဦးမောင်မောင်ကြည်၊ ဒေါ်ရီရီချစ်၊ သမီး မမီမီလွင်၊ မမြတ်သူဇာ မိသားစု၊ ဦးကျော်ခိုင်(Metalword)အလူမီနီယံ၊ဘိုကလေးဈေးလမ်းနှင့် အမှတ် ၂၀၇/၁၃ အရှေ့ရန်ကင်းနေ ဒေါ်စိန်ညွန့်မိသားစုတို့က ၁၂ လက်မရွှေပြား တစ်ချပ်စီကို ဇွန် ၁၆ ရက်က ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်သို့ လှူဒါန်းရာ ဆီမီး ၉၉၀၀အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) နှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦးတို့က လက်ခံယူကြသည်။ **(ဝ၄၆)**



# ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊
  ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွင်း ရော်ဘာကေတစ်သိန်း စိုက်ပျိုးနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း

**ရန်ကုန် ဇွန် ၂၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၁၆ ရက် နံနက် ၇နာရီတွင် ကျောက်တော်မြို့နယ် ကစ္စပနဒီတံတားထိပ်၌ ကျင်းပသော ကျောက်တော်မြို့နယ် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။





**စုပေါင်းစိုက်ပျိုး**

အဆိုပါ ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကျောက်တော်တပ်နယ်မှဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ကျောက်တော်မြို့နယ်၌ ခြစည်းရိုးကြက်ဆူပင် ၁၃၇ ဧက အပင်ပေါင်း ၁၆၄၄၀၀ စိုက်ပျိုးပြီးစီး

*စာမျက်နှာ ၁၃ ကော်လံ ၁* ■

## ရော်ဘာပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းစခန်းရှိ ရော်ဘာပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၂၁ ရက်) ၌ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ရန်ကုန်တိုင်းအတွင်း ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင် အေးရွာလေးအထိ ကတ္တရာကွန်ကရစ်လမ်း ဖောက်လုပ်

**ရန်ကုန် ဇွန် ၂၀**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်း ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင် အေးရွာလေးအထိ ကတ္တရာကွန်ကရစ် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ မြေသားကျောက်ခင်းလမ်း(၁ X ၁ လက်မခွဲ)လိပ်သည်းကျောက်ဖြင့် လမ်းခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❒

# ပါတီသည် တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက် ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပျက်လာသဖြင့် နမ့်စန်မြို့နယ် NLD ပါတီဝင် ဦးဘိုကေ နုတ်ထွက်

**ရန်ကုန် ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်လူမှုအထောက်အကူပြု ဦးဘိုကေသည် ၎င်း၏သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး မေ ၁၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကို ပေးပို့နုတ်ထွက်ခဲ့သည်။

နမ့်စန်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ် လူမှုအထောက်အကူပြု ဦးဘိုကေ၏ နုတ်ထွက်လွှာတွင် ၎င်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သို့ ၁၉၉၀ပြည့်နှစ်မှစ၍ ဝင်ရောက်ခဲ့ပြီး ၂၀၀၂ခုနှစ် မေ ၁၃ ရက်တွင် မြို့နယ်လူမှုအထောက်အကူပြုတာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်နေသောကြောင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပျက်လာသဖြင့် NLD ပါတီဝင်အဖြစ်မှ လည်းကောင်း၊ နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်လူမှုအထောက်အကူပြု တာဝန်မှလည်းကောင်း ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**




# ကမ္ဘာ့ဖလား အိမ်ရှင်ဂျာမနီ အုပ်စုပထမရရှိ ပိုလန်အသင်းက ကော့စတာရီကာကို အနိုင်ယူ

**ရန်ကုန် ဇွန် ၂၀**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို ယနေ့မြန်မာစံတော်ချိန် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားရာ အိမ်ရှင်ဂျာမနီအသင်းက အီကွေဒေါအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပိုလန်အသင်းက ကော့စတာရီကာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●



**ဂျာမနီအသင်းနှင့် အီကွေဒေါအသင်းတို့၏ ပွဲစဉ်တွင် ဂျာမနီအသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီးနောက် တိုက်စစ်မှူး ကလိုဆေး(၁၁) အားကစားဖော်များက ဤသို့ အောင်ပွဲခံဂုဏ်ပြုခဲ့ကြသည်။**

(ဓာတ်ပုံ-အင်တာနက်)

## သတင်းမှတ်စုကိုထွေး

21-6 (20).p65 1 1/23/32, 2:17 PM